# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှုလျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၄ ရက်၊ သောကြာနေ့။ Friday 8 February 2019 ၉၅၅၆


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းတိုင်းရင်းသားနာယက ဦးစိုင်းနွဲတောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခင်မောင်ညွှန့်နှင့် ဒေါ်နန်းခင်ထားရီတို့ (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ ဓာတ်ပုံ-သက်အောင်

**တောင်ကြီး ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာ (မီးပုံးပျံကွင်း)၌ ကျင်းပသည့် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်သည်။

## ❛အားလုံးရဲ့ အဓိကရည်ရွယ်ချက်ကတော့ ချမ်းသာကြွယ်ဝ သာယာငြိမ်းချမ်းတဲ့ ပြည်ထောင်စုကြီးပဲ ဖြစ်တယ်ဆိုရင် မတူကွဲပြားတဲ့ စိတ်သဘောထားတွေကို ညှိယူဖို့ဟာက အခက်အခဲရှိမှာ မဟုတ်ပါဘူး❜

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း / ဒေသဦးစီးဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊


**စာမျက်နှာ ၃ ကော်လံ ၁ သို့**





# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော်　ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းနှင့် လောင်းကစားဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## ရုပ်ရှင်တွင် သုံးနှုန်းနေသော စကားလုံးများနှင့် ဘာသာပြန်စကားလုံးများဆိုင်ရာစကားဝိုင်း ကျင်းပမည်

**ရန်ကုန်　ဖေဖော်ဝါရီ ၇**

**"ရုပ်ရှင်တွင် သုံးနှုန်းနေသော စကားလုံးများနှင့် ဘာသာပြန်စကားလုံးများဆိုင်ရာ မြန်မာစကား၊ မြန်မာစာရေးထုံးစကားဝိုင်း"** ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(Film Development Centre) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စကားဝိုင်းတွင် ဦးမျိုးမြတ်သူ(စာရေးဆရာ)က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး မောင်ခင်မင်(ဓနုဖြူ)၊ ဦးဝင်းငြိမ်း၊ ဇာတ်ညွှန်းပညာရှင် ဦးဇော်မြင့်ဦး၊ ရွှေသံလွင်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးကျော်စွာထွန်းနှင့် Forever Group ဘာသာပြန်ဌာနမှ တာဝန်ခံ ဦးကျော်တို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် မြန်မာစာတန်းထိုး နိုင်ငံခြားဇာတ်ကားများကို ကြည့်ရှုသော လူငယ်ပရိသတ်များအနေဖြင့် လက်ရှိအသုံးပြုနေသည့် မြန်မာစာရေးထုံး၊ မြန်မာစကားအမှားများကို သိရှိနိုင်ပြီး မှန်ကန်စွာ ပြင်ဆင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါစကားဝိုင်းကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကျင်းပခြင်းဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာစာပေနှင့် ဘာသာစကားအရေး ဟောပြောဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်မြို့ စာပေဗိမာန်ခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်နှင့် မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းတို့ စီစဉ်သည့် မြန်မာစာပေနှင့် မြန်မာဘာသာစကား အဝေးမြင် အနီးမြင် အမည်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

"နိုင်ငံခြားတက္ကသိုလ်တွေမှာ မြန်မာစာပေဆိုင်ရာနဲ့ ဘာသာစကားသိပ္ပံဆိုင်ရာ ပါမောက္ခ၊ ညွှေ့ပါမောက္ခ သုံးဦးက မြန်မာစာပေနှင့် မြန်မာဘာသာစကားဆိုင်ရာ ဟောပြောမှာဖြစ်ပါတယ်။ ဟောပြောမယ့် ပညာရှင်သုံးဦးက ဦးစောထွန်း(စောလူ)၊ ဒေါက်တာသိန်းထွန်းနဲ့ ဒေါက်တာကိုလေးတို့ဖြစ်ပါတယ်။ စာပေဗိမာန်နဲ့ပူးပေါင်းပြီး မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းတို့ ပထမဆုံးစီစဉ်တဲ့ ဟောပြောပွဲဖြစ်ပါတယ်"ဟု ယင်းအသင်းမှ အမှုဆောင် ဦးသန်းအုန်းက ပြောသည်။ အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော်　ဖေဖော်ဝါရီ ၇**

ရန်ကုန်(ရွှေဈေး) ၁၀၆၅၀၀၀ - ၁၀၆၅၀၀၀　　မန္တလေး(ရွှေဈေး) ၁၀၆၅၀၀၀ - ၁၀၆၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၀၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၆/၈၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၁၇/၈၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၇/၆၇၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၁.၇ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၉.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၇.၀၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၉၉၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၆.၁၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၄၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၉၂.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၀၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၇.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၉.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

## ကြေးမုံ

# ဥမကွဲသိုက်မပျက် ပူးပေါင်းလက်တွဲ

တိုင်းရင်းသားပြည်သူလူထု စည်းလုံးညီညွတ်မှုကို ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ပြီး ခိုင်ခိုင်မာမာ သက်သေပြနိုင်သည့်ကာလမှာ နှစ်စဉ် ဖေဖော်ဝါရီ ဥလပတ်ဝန်းကျင်ကာလဖြစ်သည်။ ထိုကာလတွင် မြန်မာပြည် လွတ်လပ်ရေးအောင်ပန်းကို လှမ်းကိုင်ဆွတ်ချူနိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသား ပြည်သူလူထုအားလုံး တစ်စိတ်တစ်ဝမ်းတည်း အားထုတ်ယူနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူအားလုံးတို့အနေဖြင့် ၎င်းတို့၏ စိတ်ရင်းအမှန်တွင် ပြည်ထောင်စုကြီးအတွင်း ပြည်ထောင်စုဖွားအချင်းချင်း အတူယှဉ်တွဲကာ လက်တွဲနေထိုင်လိုကြသည်။ သို့သော် လွတ်လပ်ရေးမရမီ တိုင်းတစ်ပါး၏ သွေးခွဲမှုကိုခံခဲ့ရသည့် တိုင်းရင်းသားခေါင်းဆောင်အချို့၏ ပြည်ထောင်စုမှ သွေဖည်လိုသော သဘောထားအရိပ်အငွေ့များမှာ ယနေ့တိုင် ရိုက်ခတ်နေဆဲဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးမှာ အခြားနိုင်ငံများကဲ့သို့ ဖြောင့်ဖြောင့်ဖြူးဖြူးတော့ မဟုတ်ချေ။ ဂိုဏ်းဂဏစွဲများ၊ သွေးထိုးသပ်လျှိုမှုများကြားမှ လွတ်လပ်ရေးကို မဖြစ်မနေယူခဲ့ခြင်းဖြစ်ရာ အကျိုးဆက်အနေဖြင့် ယနေ့နိုင်ငံ၌ ဖြစ်ပေါ်နေသော အခြေအနေများအပေါ် သုံးသပ်ရှုမြင်လျှင် သိမြင်နိုင်မည်ဖြစ်သည်။

ဖေဖော်ဝါရီလ ၇ ရက်နေ့တွင်ကျရောက်သည့် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့သို့ နိုင်ငံတော်သမ္မတပေးပို့သည့် သဝဏ်လွှာတွင် "တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရရှိခြင်းနှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိခြင်း ဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုစိတ်ဓာတ် (ဝါ) ပင်လုံစိတ်ဓာတ်အရင်းခံကာ ပြည်နယ်၊ ပြည်မ စည်းလုံးညီညွတ်စွာ ဥမကွဲသိုက်မပျက် ထာဝရ ပူးပေါင်း လက်တွဲဆောင်ရွက်သွားကြရန်" တိုက်တွန်းနှိုးဆော်ထားသည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် မူလကတည်းက ခံယူထားသော မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ ဆိုသကဲ့သို့ အေးချမ်းစွာနေထိုင်လိုရင်းဖြစ်သည်မှန်သော်လည်း ပင်လုံစိတ်ဓာတ်ဖြစ်သည့် စည်းလုံးညီညွတ်ရေးကို အရင်းခံသော ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်ကို ရယူခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို လက်တွဲညီညာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအတွက် ကောင်းမွန်သည့်ကံကြမ္မာ ပေါ်ပေါက်လာစေရန် ဖန်တီးဖော်ဆောင်ပေးနေသည်ကိုလည်း နားလည်ထားကြရမည် ဖြစ်သည်။

ယင်းကောင်းမွန်သော ကံအကြောင်းတရားများ ပေါ်ပေါက်ရေးအတွက် လွတ်လပ်သောတိုင်းပြည် ပေါ်ပေါက်လာကတည်းက ပေါ်ထွက်ခဲ့သော ဆူးငြောင့်များကို ရှင်းလင်းဖယ်ရှားကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများအကြား ဖြစ်ပေါ်နေသည့် သံသယများကို တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုကို တည်ဆောက်ယူခြင်းဖြင့် ဦးစွာဖယ်ရှားကြရမည်ဖြစ်သည်။ နင်၊ ငါအစွဲများကို လျှော့ချ၍ ရိုးသားဖြူစင်သည့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မျက်မှောက်ပြုကြရမည်ဖြစ်သည်။

ထိုသို့အများပြည်သူအကျိုးစီးပွားကို အမှန်တကယ်ရှေးရှုမှသာ မွန်မြတ်သူ၊ ကြီးကျယ်မြင့်မြတ်သူများ ဖြစ်ကြပေလိမ့်မည်။ သမိုင်းကြောင်းကောင်းသူများ ဖြစ်ကြပေလိမ့်မည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လူပင်သေသော်ငြား ၎င်း၏မျှော်မှန်းချက်၊ ယုံကြည်ချက်များ ဆက်လက်ထွန်းကားပြီး မြန်မာတွင်သာမက ကမ္ဘာတွင်ပါ နာမည်တစ်လုံးဖြင့် ထာဝရရှင်သန်နေခြင်းသည် အများပြည်သူကောင်းစားရေးကို စိတ်ရင်းစေတနာမှန်စွာဖြင့် လက်တွေ့ကျကျ စွမ်းဆောင်နိုင်ခဲ့သောကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားမှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဖြစ်၍ ယင်းကို တည်ဆောက်နိုင်ရန်အတွက် စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် လက်တွဲပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ညို၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၀ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇



✪ ရှေ့ဖုံးမှ

တိုင်းရင်းသားမျိုးနွယ်စုများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဖတ်ကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် "ယနေ့ (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ကြွရောက်လာတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားသမီးများအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။ ဘေးအန္တရာယ် အမျိုးမျိုးမှ ကင်းဝေးကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒ အဝဝနဲ့ ပြည့်စုံပြီး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

ပြည်ထောင်စုကို ထူထောင်နိုင်စေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေးပဲ ဖြစ်ပါတယ်။ ဒီသုံးခုဟာလည်း အားလုံးဆက်နွယ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းရေး တည်ငြိမ်ရေး၊ နိုင်ငံရေးအရ မှန်ကန်ရေးနဲ့ ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်ရေးတွေဟာ ခွဲလို့ရတဲ့အရာတွေ မဟုတ်ပါဘူး။

**မတူကွဲပြားတဲ့ စိတ်သဘောထားတွေကိုညှိယူ**

ငြိမ်းချမ်းရေးရမှ ပြည်သူလူထုအတွက် တိုးတက်ဖွံ့ဖြိုးရေးလုပ်နိုင်မယ်။ ငြိမ်းချမ်းရေးရဖို့ဆိုရင် အများပြည်သူကလက်ခံမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုလည်း လိုအပ်ပါတယ်။ ကျွန်မတို့ရဲ့ပြည်သူတွေ အားလုံးကြားမှာ ရင်ကြားစေ့ဖို့ဟာလည်း အင်မတန်မှအရေးကြီးပါတယ်။ ကျွန်မတို့ ရည်ရွယ်ချက်တွေ၊ ပန်းတိုင်တွေ တစ်ခါတလေ တူပေမယ့်လည်း ဘယ်လိုပုံစံနဲ့ ဒီပန်းတိုင်ကို ချီတက်သွားရမယ်ဆိုတဲ့ အတွေးအခေါ်တွေဟာ ကွဲလွဲတတ်ပါတယ်။ ဒီဟာတွေက တကယ့်ကို ကျွန်မတို့ပြည်ထောင်စုအပေါ်မှာ စေတနာထားမယ်ဆိုရင် ဖြေရှင်းလို့မရတဲ့ပြဿနာတွေ မဟုတ်ပါဘူး။

အားလုံးဟာ အလျှော့အတင်းလုပ်ဖို့ အဆင်သင့်ရှိတယ်။ အားလုံးရဲ့အဓိကရည်ရွယ်ချက်ကတော့ ချမ်းသာ

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**



နိုင်ငံတော်သမ္မတကြီး သဝဏ်လွှာမှာပါတဲ့အတိုင်း ဒီနေ့ဟာ ကျွန်မတို့ရဲ့ပြည်ထောင်စုအတွက် အစပျိုးလိုက်တဲ့ နေ့တစ်နေ့ကို ဂုဏ်ပြုတာဖြစ်ပါတယ်။ ဒီလို ပြည်ထောင်စုရဲ့ မျိုးစေ့တွေကိုပျိုးခဲ့တဲ့ ကျွန်မတို့ရဲ့ လွတ်လပ်ရေး ခေါင်းဆောင်ကြီးများရဲ့ရည်ရွယ်ချက်များ၊ အိပ်မက်များကို အကောင်အထည်ဖော်ဖို့ဟာ ကျွန်မတို့ရဲ့တာဝန်ဖြစ်တယ်လို့လည်း နိုင်ငံတော်သမ္မတကြီးကနေ ထောက်ပြခဲ့ပါတယ်။ အစေ့လေးသာပျိုးရုံနဲ့ အပင်မဖြစ်ပါဘူး။ အပင်ဖြစ်အောင်လည်း ကျွန်မတို့က ပြုစုပျိုးထောင်ရပါတယ်။ အပင်ကနေ အသီးအပွင့်တွေ ဝေဆာလာအောင်လို့လည်း ဆက်ပြီးတော့ ထိန်းသိမ်းသွားရမှာ ဖြစ်ပါတယ်။

**အဓိကရည်မှန်းချက်သုံးချက်ကို ချပြခဲ့**

ဒါကြောင့်မို့ ဒီလိုနေ့ထူးနေ့မြတ်မှာ အတူရှိတဲ့အခါ ကျွန်မတို့ရဲ့လွတ်လပ်ရေးခေါင်းဆောင်ကြီးများရဲ့မျှော်မှန်းချက်များနဲ့ ကျွန်မတို့ရဲ့မျှော်မှန်းချက်များ တစ်သားတည်းဖြစ်အောင်လို့ သန္နိဋ္ဌာန်ချဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့အစိုးရဟာ အုပ်ချုပ်ရေးတာဝန်ကို ယူကတည်းကနေစပြီးတော့ အဓိကရည်မှန်းချက်သုံးချက်ကို ချပြခဲ့ပါတယ်။ ပထမကတော့ တရားဥပဒေစိုးမိုးရေးနဲ့ လူမှုဘဝစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒုတိယကတော့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ တတိယကတော့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ကြွယ်ဝသာယာငြိမ်းချမ်းတဲ့ ပြည်ထောင်စုကြီးပဲဖြစ်တယ်ဆိုရင် မတူကွဲပြားတဲ့ စိတ်သဘောထားတွေကို ညှိယူဖို့ဟာက အခက်အခဲရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ တိုင်းရင်းသား၊ ပြည်ထောင်စုသားသမီးများအားလုံးဟာ အတူလက်တွဲပြီးတော့ ကိုယ့်နိုင်ငံအတွက် စဉ်းစားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အခုကမ္ဘာကြီးမှာ စုစည်းမှုတွေရှိသလို ကွဲပြားမှုတွေရှိပါတယ်။ စုစည်းတဲ့ဘက်ကို သွားမလား၊ ကွဲပြားတဲ့ဘက်ကို သွားမလားဆိုတာ တစ်ဦးချင်း တစ်ဦးချင်း၊ နိုင်ငံတစ်ခုချင်း တစ်ခုချင်းရဲ့ ဆုံးဖြတ်ချက်ပဲ ဖြစ်ပါတယ်။

**မှန်ကန်တဲ့ဆုံးဖြတ်ချက်**

ကျွန်မတို့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေကို ဒီအချိန် ဒီအခါမှာ ချလိုက်ရင် နောင်လာမယ့် ကျွန်မတို့မျိုးဆက်သစ်တွေအားလုံးအတွက် အင်မတန်မှတန်ဖိုးရှိတဲ့ လုပ်ရပ်တွေဖြစ်သွားပါ့မယ်။ အခု ကျွန်မတို့ (၇၂)နှစ်ကြာတဲ့အထိတိုင် ကျွန်မတို့ရဲ့လွတ်လပ်ရေးဖခင်ကြီးများရဲ့စွမ်းဆောင်ခဲ့တဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကြောင့် လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုမှာ နေနိုင်တာဖြစ်ပါတယ်။ ဒီလွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံမှာ ဆက်ပြီးတော့ နေဖို့တင်မက ချမ်းချမ်းသာသာ တောင့်တောင့်တင်းတင်း နေနိုင်ဖို့ကတော့ ကျွန်မတို့ရဲ့ တာဝန်ပါပဲ။ ဒီအခွင့်အရေးတွေကို ကျွန်မတို့ ရရှိနေပြီဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ ကျွန်မတို့နိုင်ငံကြီးဟာ ပြောင်းလဲလာတာဟာ အခုဆိုရင် ၂၁ ရာစုပင်လုံညီလာခံကဲ့သို့ ကျွန်မတို့ရဲ့ တိုင်းရင်းသားတွေအားလုံးကို စုစည်းပေးနိုင်မယ့် ဆွေးနွေးပွဲကြီးတစ်ခု ကျင်းပနိုင်ရုံတင်မက ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရတစ်ခုကလည်း အုပ်ချုပ်ရေးတာဝန်တွေကို ယူနိုင်တဲ့အဆင့်ကို ရောက်လာပါတယ်။

**မျိုးဆက်တွေရဲ့သမိုင်းပေးတာဝန်**

ကျွန်မတို့ အားလုံးမျှော်မှန်းတဲ့၊ အားလုံးလိုလားတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အဆင့်ကိုတော့ မရောက်သေးဘူးဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီကိုရောက်အောင်ဆက်သွားဖို့ဟာ ကျွန်မတို့ရဲ့ တာဝန်ဖြစ်ပါတယ်။ ကျွန်မတို့မျိုးဆက်တွေရဲ့သမိုင်းပေးတာဝန်လို့ပြောရင် မှားမယ်မထင်ပါဘူး။ မျိုးဆက်တိုင်း မျိုးဆက်တိုင်းဟာ သူ့ရဲ့ သမိုင်းပေးတာဝန်ရှိသွားကြပါတယ်။ သမိုင်းတာဝန်ကျေတဲ့ မျိုးဆက်တွေရှိသလို တာဝန်မကျေတဲ့ မျိုးဆက်တွေလည်း ရှိခဲ့ပါတယ်။

ကျွန်မတို့ လွတ်လပ်ရေးခေါင်းဆောင်ကြီးများဟာ တာဝန်ကျေတဲ့ မျိုးဆက်ထဲပါသလို ကျွန်မတို့အနေနဲ့လည်း တာဝန်ကျေတဲ့ မျိုးဆက်ထဲမှာပါချင်ပါတယ်။ ဒီလိုပါဖို့ဆိုတာဟာ အစိုးရအဖွဲ့တစ်ခုတည်း လုပ်လို့မရပါဘူး။ ကျွန်မတို့ ပြည်သူလူထုအားလုံး ပါဝင်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီနိုင်ငံကြီးကို တကယ်ပိုင်ဆိုင်တာဟာ ပြည်သူလူထုပဲဖြစ်ပါတယ်။ နိုင်ငံရဲ့အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုဆိုတာဟာ ပြည်သူလူထုကနေပြီးတော့ ဆင်းသက်လာတာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့၊ ဖွံ့ဖြိုးဖို့၊ အောင်မြင်ဖို့ဆိုရင် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဟာ မဖြစ်မနေရှိရမယ့် ကိစ္စတစ်ရပ်ဖြစ်ပါတယ်။

**ပြည်နယ်နေ့တိုင်းဟာ ပြည်ထောင်စုနေ့တွေဖြစ်**

ဒါကြောင့် ပြည်နယ်နေ့တိုင်းနေ့တိုင်းဟာ တစ်နည်းအားဖြင့် ပြည်ထောင်စုနေ့တွေ ဖြစ်တယ်လို့လည်း ကျွန်မတို့ ပြောလို့ရပါတယ်။ ပြည်ထောင်စုနေ့က ဖေဖော်ဝါရီ ၁၂ ရက်နေ့ဆိုတာ အားလုံးသိပြီးသား ဖြစ်ပါတယ်။ သို့သော်လည်း ပြည်နယ်နေ့တိုင်း နေ့တိုင်းဟာ တစ်နည်းအားဖြင့် ပြည်ထောင်စုနေ့ကို ပံ့ပိုးပေးတဲ့နေ့တွေပဲဖြစ်ပါတယ်။ တိုင်းရင်းသားများရဲ့ နေ့ထူးနေ့မြတ်တွေအားလုံးဟာလည်း ပြည်ထောင်စုနေ့ကို ပံ့ပိုးပေးတဲ့နေ့တွေဖြစ်ပါတယ်။ အတိုချုပ်ပြောရမယ်ဆိုရင် ကျွန်မတို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးရဲ့ လုပ်ရပ်များဟာ ပြည်ထောင်စုကြီးတည်ဆောက်ဖို့၊ ပြည်ထောင်စုကြီး ခိုင်ခံ့တည်မြဲစေဖို့ လုပ်ရပ်တွေပဲ ဖြစ်စေချင်ပါတယ်။ ဒီလိုဖြစ်မယ်ဆိုရင် အားလုံးဟာ ဝိုင်းဝန်းပြီးတော့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးရဲ့ **စာမျက်နှာ ၄ သို့ »»**

»»» စာမျက်နှာ ၃ မှ

အသီးအပွင့်တွေကို ကျွန်မတို့ခံစားရမှာပဲ ဖြစ်ပါတယ်။

(၇၂) နှစ်ဆိုတာ တိုတဲ့အချိန်လေး မဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့သမိုင်းမှာတော့ အင်မတန်ရှည်တယ်လို့လည်း မပြောနိုင်ပါဘူး။ သို့သော်လည်း အချိန်အခါအရ လွန်ခဲ့တဲ့ (၇၂)နှစ်ဟာ ကျွန်မတို့ ကမ္ဘာကြီးအတွက် အင်မတန်အရေးပါတဲ့ နှစ်တွေဖြစ်ခဲ့ပါတယ်။ ဒီနှစ်တွေကြားထဲမှာ နည်းပညာတွေ အလွန်အမင်း တိုးတက်လာမှုကြောင့် ကမ္ဘာကြီးရဲ့အခြေအနေဟာ တော်တော်ကြီးကို ပြောင်းသွားပါတယ်။ လွတ်လပ်ရေး မရခင်တုန်းက ကမ္ဘာကြီးရဲ့အခြေအနေနဲ့ ယခုကမ္ဘာကြီးအခြေအနေဟာ လုံးဝကိုမတူတော့ပါဘူး။ ဒီလိုပြောင်းလဲလာတဲ့အခြေအနေမှာ ကျွန်မတို့နိုင်ငံက ထိုက်ထိုက်တန်တန်ရပ်တည်နိုင်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်ထောင်စုသားသမီးများရဲ့ အရည်အချင်းကို လုံးဝယုံကြည်ပါတယ်။ အခြေအနေပေးရင် ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံနဲ့မဆို ရင်ပေါင်တန်းပြီးတော့ ချီတက်သွားနိုင်တဲ့ နိုင်ငံဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် ဒီအရည်အချင်းတွေ ဖွံ့ဖြိုးဖို့၊ ဒီအရည်အချင်းတွေ ပွင့်ဖူးဝေဆာလာဖို့ အခွင့်အရေးတွေကို နိုင်ငံရေးအရ၊ လူမှုရေးအရ၊ စီးပွားရေးအရလုပ်ပေးဖို့ဟာ အရေးကြီးပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်လာသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ဖွဲ့စည်းပုံတစ်ခုရှိဖို့ အင်မတန်မှအရေးကြီး**

ဒါကြောင့် စောစောကပြောသွားတဲ့ ရည်မှန်းချက်သုံးချက်ဟာ အားလုံးဆက်နွယ်နေတယ်ဆိုတာဟာ ကျွန်မတို့ရဲ့ပြည်ထောင်စုသားသမီးများအားလုံးရဲ့ ဘဝအဆက်ဆက် သာယာဖို့အတွက်၊ တည်ငြိမ်ဖို့အတွက်၊ အေးချမ်းဖို့အတွက်၊ လုံခြုံဖို့အတွက် ခန့်မှန်းထားတဲ့ ရည်ရွယ်ချက်တွေပဲဖြစ်ပါတယ်။ ဖွံ့ဖြိုးရမယ်၊ တိုးတက်ရမယ်၊ ငြိမ်းချမ်းရမယ်၊ အချင်းချင်းရင်ကြားစေ့မှုရှိရမယ်။ နောက်ပြီး အားလုံးကနေ လက်ခံနိုင်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို အခိုင်အမာရပ်တည်စေမယ့် ဖွဲ့စည်းပုံတစ်ခုရှိဖို့ဟာလည်း အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ရဲ့ရည်ရွယ်ချက်တွေ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း ပြည်သူလူထုကိုပေးခဲ့တဲ့ ကတိအတိုင်း ကြိုးစားပြီးတော့ အကောင်အထည်ဖော်နေပါတယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင် (၂၁)ရာစုပင်လုံ ညီလာခံကြီးကို စတင်နိုင်ခဲ့ပါပြီ။ ငြိမ်းချမ်းရေးဆိုတာဟာလည်း အမျိုးသားရင်ကြားစေ့ရေးနဲ့ လက်တွဲပြီးတော့ တစ်ကြိမ်တည်းမှာလုပ်ရမယ့် ကိစ္စဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူလူထုရဲ့ဘဝ စီးပွားတိုးတက်ဖွံ့ဖြိုးရေးဆိုတာဟာလည်း နိစ္စဓူဝ ကျွန်မတို့လုပ်ဆောင်နေတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ အခုဆိုရင် မကြာမီကာလက လွှတ်တော်မှာစပြီး စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ခြေလှမ်းများကိုစပြီးတော့ လှမ်းပြီဆိုတာကို ပြည်သူလူထုအားလုံး အသိ ဖြစ်ပါတယ်။ ပြည်သူလူထုကိုပေးခဲ့တဲ့ ကတိတွေကို တတ်စွမ်းသမျှ တည်အောင် ကြိုးစားပါတယ်။

ဒါပေမယ့် ကျွန်မတို့ပဲ လုပ်လို့မရပါဘူး။ စောစောက ပြောတဲ့အတိုင်း နိုင်ငံတစ်နိုင်ငံအတွက် အရေးပါတဲ့ ကိစ္စတွေ၊ တကယ်အောင်မြင်ဖို့လိုတဲ့ကိစ္စတွေမှာ ပြည်သူလူထု ပါဖို့က အဓိကကျပါတယ်။ ဒီနေ့ဟာ အင်မတန်မှ နေ့ထူးနေ့မြတ်ဖြစ်တဲ့ ရှမ်းပြည်နယ်နေ့၊ ကျွန်မတို့ရဲ့ပြည်ထောင်စုရဲ့မျိုးစေ့တွေကို ပထမဦးဆုံးချပြီးတော့ ပေးလိုက်တဲ့နေ့မှာ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားသမီးများဟာ အားလုံး ဝိုင်းဝန်းပြီး အားလုံးမျှော်လင့်တောင့်တ အိပ်မက်နေကြတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် အားသွန်ခွန်စိုက် ရှိသမျှ အရည်အချင်းတွေ၊ စွမ်းအားတွေနဲ့ လုပ်ကြပါစို့လို့ ကျွန်မအနေနဲ့ ဆန္ဒပြုရင်းနဲ့ နိဂုံးချုပ်ပါတယ်''ဟု ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းတိုင်းရင်းသားနာယက ဦးစိုင်းနွဲ့တောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခင်မောင်ညွှန့်နှင့် ဒေါ်နန်းခင်ထားရီတို့က (၇၂) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၏ “တို့ရှမ်းပြည်ပွဲတော်” သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် မီးပုံးပျံငယ်ကို လွှတ်တင်ပေးစဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**မီးပုံးပျံများလွှတ်တင်ပေး**

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲကျင်းပမည့် အဝေရာ (မီးပုံးပျံကွင်း)သို့ ရောက်ရှိကြရာ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက ရှမ်းရိုးရာကိန္နရီကိန္နရာ အက၊ ဒေါင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြသည်။

ညစာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ရိုးရာ မီးပုံးပျံပညာရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများသည် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် စိန်နားပန်မီးပုံးပျံနှင့် မီးပုံးပျံငယ်များကို လွှတ်တင်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်သည်။

ညစာသုံးဆောင်နေစဉ်အတွင်း ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို ပြသကာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက မိမိတို့၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ် ဝန်ကြီးချုပ်တို့က ဂုဏ်ပြုညစာစားပွဲတွင် ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံ

## ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးဖွင့်ပွဲ တက်ရောက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများနှင့် တောင်ကြီးဟိုတယ်၌ တွေ့ဆုံစဉ်။

**တောင်ကြီး ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးဥက္ကဋ္ဌများနှင့် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးဟိုတယ်၌ တွေ့ဆုံသည်။

### ပွင့်ပွင့်လင်းလင်းတင်ပြ

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တောင်ကြီးမြို့အခြေအနေသာမက ရှမ်းပြည်နယ်တစ်ခုလုံး၏ အခြေအနေကိုပါ ခြုံငုံ၍ ဆွေးနွေးပေးကြစေလိုပါကြောင်း၊ တောင်ကြီးမြို့တွင် တိုင်းရင်းသားပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသဖြင့် ရှမ်းပြည်နယ်အတွက် စံနမူနာဖြစ်စေချင်ပါကြောင်း၊ ပြည်ထောင်စုကြီးအတွင်းက ရှမ်းပြည်နယ်သည် တိုင်းရင်းသားလူမျိုး၊ ဘာသာပေါင်းစုံ နေထိုင်ကြသဖြင့် ပြည်ထောင်စုပုံစံ အသေးစားဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိလျှင် ပြည်ထောင်စုအတွက် မျှော်မှန်းချက်လည်းဖြစ်ပါကြောင်း၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့အနေဖြင့် အခုမလုပ်ပေးနိုင်လျှင် မလုပ်ပေးနိုင်သေးသည့်အကြောင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးမည်ဖြစ်ပါကြောင်း၊ လုပ်ပေးနိုင်သည်ကို ရအောင်လုပ်ပေးမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအကြားတွင် လည်းကောင်း၊ ဒေသများအကြားတွင် လည်းကောင်း၊ လူတန်းစားအလွှာများအကြားတွင် လည်းကောင်း ချိန်ခွင်လျှာညီမျှအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တောင်ကြီးမြို့တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရှိပါကြောင်း၊ တိုင်းရင်းသားများအကြားတွင် အေးအေးချမ်းချမ်း မျှမျှတတ ပူးပေါင်းနေထိုင်ဆောင်ရွက်နေသည့် စိတ်ဓာတ်ကို ပြည်ထောင်စုတစ်ခုလုံးသို့ ပြန့်ပွားစေရေး ကူညီကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများက နိုင်ငံတော်အစိုးရအပိုင်းက ဆောင်ရွက်ပေးစေလိုသည့် လိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချက်ချင်းဖြည့်ဆည်းပေးနိုင်မည့် တင်ပြချက်များ၊ အမြန်ဆုံးဆောင်ရွက်ပေးနိုင်မည့် တင်ပြချက်များနှင့် အချိန်ယူအလေးအနက်ထား ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာသန်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်၊ ကယန်း(ခ)ပဒေါင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂူဆာ၊ အာခါတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးအာဗေလ၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ ဗုဒ္ဓဘာသာဥက္ကဋ္ဌ ဦးညွန့်မောင်၊ ခရစ်ယာန်ဘာသာဒုတိယဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဦးယောနှ၊ ဟိန္ဒူဘာသာနာယက ဦးရိုပါးလ်၊ အစ္စလာမ်ဘာသာနာယက ဦးမော၊ ဗဟိုရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းမောင်တင်၊ အင်းအမျိုးသားနေ့ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းဇော်၊ တောင်ရိုးစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်လှ၊ ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျိုလီချန်၊ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးခွန်မောင်သောင်း၊ ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းဝဏ္ဏဝင်း၊ ကယန်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးဖရန်စစ္စကို၊ လားဟူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယက ဦးလောင်ယု(ခ) ဦးအောင်ဝင်း၊ အာခါစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းကျော်၊ လီဆူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးကျော်သိန်း၊ ကချင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးဘရန်ဒီ၊ "ဝ" စာပေနှင့်ယဉ်ကျေးမှုအဖွဲ့နာယက ဦးညီနပ်၊ ဂုံရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးစိုင်းဆိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများကို ပညာသင်ကြားနေမှုအခြေအနေများ မေးမြန်းစဉ်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တောင်ကြီးမြို့အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းသား ကျောင်းသူများက ရှမ်းအိုးစည်တီးခတ်၍ တိုးနရားအကများကပြကာ ကြိုဆိုကြပြီး မူလတန်းကျောင်းသားကျောင်းသူလေးများက ဂါရဝပြုပန်းစည်းများ ပေးအပ်ကြသည်။

### ရှမ်းရိုးရာအကဖြင့်ကြိုဆို

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Kindergarten စာသင်ဆောင်သို့ ရောက်ရှိကြရာ KG အတန်း၌ ပညာသင်ယူနေကြသည့် တိုင်းရင်းသားကလေးများက ရှမ်းအိုးစည်ဗုံမောင်းများကိုတီးခတ်ပြီး ရှမ်းရိုးရာအကဖြင့် ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Kindergarten၊ Grade-1၊ Grade-2 နှင့် Grade-11 စာသင်ဆောင်များ၌ ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူလေးများ၏ သင်ကြားသင်ယူမှု၊ တတ်မြောက်မှု၊ တိုင်းရင်းသားဘာသာစကားပြောဆိုမှု၊ စည်းကမ်းရှိမှု၊ အချိန်လေးစားမှု၊ ကျောင်းသား ကျောင်းသူလေးများ၏ ရည်မှန်းချက်၊ ဝါသနာတို့ကို မေးမြန်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် အဆိုပါကျောင်း အစည်းအဝေးခန်းမ၌တွေ့ဆုံပြီး ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိအနေဖြင့် လမ်းညွှန်အမှာစကားပြောကြားခြင်းထက် ဆွေးနွေးချင်ပါကြောင်း၊ မိဘဆရာများနှင့် အဓိကဆွေးနွေးချင်သည်မှာ တောင်ကြီးမြို့၏ ပညာရေးစနစ်၊ ရှမ်းပြည်နယ်၏ ပညာရေးစနစ်၊ တစ်နိုင်ငံလုံး၏ ပညာရေးစနစ်နှင့်ပတ်သက်၍ ဆွေးနွေးစရာများရှိပါက ဆွေးနွေးစေချင်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်သည် ကလေးများဖြစ်ကြောင်း၊ နိုင်ငံ၏ ပညာရေးစနစ်ခိုင်မာမှ နိုင်ငံတိုးတက်ဖွံ့ဖြိုးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေခြင်းသည် အမြဲဖြစ်နေမည့်ကိစ္စ မဟုတ်သည်ကို ကလေးများအား ရှင်းပြခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးစနစ်ကို မြှင့်တင်ပေးရန် အင်မတန်မှ အရေးကြီးပါကြောင်း။

KG အတန်းများကို သွားသည့်အခါ ကလေးများမှာ တိုင်းရင်းသားမျိုးစုံက တက်ရောက်သင်ကြားနေသည်ကို တွေ့ရကြောင်း၊ တိုင်းရင်းသားပေါင်းစုံ အေးအေးဆေးဆေး

စာမျက်နှာ ၆ သို့ » »

## ပြည်တွင်းရေးရာ

» » စာမျက်နှာ ၅ မှ

ချစ်ချစ်ခင်ခင် တွေ့ရပါကြောင်း၊ ဆရာဆရာမများအနေဖြင့် ကလေးများတတ်သော ဘာသာစကားတိုင်းကို အနည်းဆုံးနှုတ်ဆက်ရုံအတွက် တစ်ယောက်ကိုတစ်ယောက် သင်ပေးရန်လိုကြောင်း၊ ဘာသာစကားများကို အစကတည်းက နှုတ်ဆက်နည်း၊ ကျေးဇူးတင်ပါသည်ဟု ပြောနည်းများကို သင်ပေးခြင်းသည် အခြေခံအားဖြင့် မိမိတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို ချပြခြင်းဖြစ်သည့်အပြင် တစ်ဦးနှင့်တစ်ဦး နားလည်မှုပိုမိုရရှိလာမည် ဖြစ်ပါကြောင်း။

**ဘာသာစကားသင်ချင်သူများ များပြား**

ကလေးများအနေဖြင့် မကြောက်တတ်သော်လည်း ရိုရိုသေသေ၊ ယဉ်ယဉ်ကျေးကျေးရှိသည့်အပြင် ရှက်တတ်ကြပါကြောင်း၊ စကားပြောဆိုရင်းဖြင့် အရှက်ပြေလာပါက ပြောရဲဆိုရဲရှိလာသည့်အပြင် သူတို့တတ်ကျွမ်းသည်များကို ပြချင်သောစိတ်လည်းရှိ၍ မိမိကိုယ်ကို ယုံကြည်မှုရှိသည်ကို တွေ့ရသည့်အတွက် ယင်းမှာ အောင်မြင်မှုတစ်ခုပင်ဖြစ်ပါကြောင်း။

ပညာရေးစနစ်နှင့်ပတ်သက်ပြီး အားမရသည်များရှိသော်လည်း အထက်ပါအချက်များသည် အောင်မြင်မှုတစ်ခုဟုပြောရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်တန်း ကလေးများအနေဖြင့် ရန်ကုန်ပတ်ဝန်းကျင်ရှိကျောင်းများနှင့်ကွာပါကြောင်း၊ ဆရာဝန်ဖြစ်ချင်သူ တော်တော်နည်းပါကြောင်း၊ ရန်ကုန်ပတ်ဝန်းကျင်ရှိ ကျောင်းများတွင် အများအားဖြင့် မိဘများ၏ သင်ကြားပေးမှု သို့မဟုတ် စံနှုန်းစံထားများကြောင့် ဆရာဝန်ဖြစ်ချင်သူ တော်တော်များပါကြောင်း၊ မည်သည့်အတွက် ဖြစ်ချင်သည်ကိုပြောရာ၌ အများအားဖြင့် လူ့အသက်ကယ်ချင်သည့်အတွက်ဟု ပြောပါကြောင်း၊ ဆရာဝန်ဖြစ်ပါက ဂုဏ်ရှိသည်ဟု ပတ်ဝန်းကျင်မှသင်ကြားထား၍ ယခုလိုဖြစ်ချင်ကြသည်ဟု မြင်ပါကြောင်း၊ ယခုကျောင်း၌ ဆရာဝန်ဖြစ်ချင်သူများထက် ဘာသာစကားသင်ချင်သူများ များပြားသည်ကို တွေ့ရသည့်အတွက် မိမိအနေဖြင့် ဝမ်းသာပါကြောင်း၊ ယခုကဲ့သို့ ရန်ကုန်မြို့ကြီးတွင် ပိုပြီးရှိသင့်သည်ဟု မိမိစဉ်းစားပါကြောင်း။

ယခုအတန်းထဲတွင် ယောကျ်ားလေးသုံးပုံတစ်ပုံလောက်သာ တက်ရောက်သင်ကြားနေသည်ကိုတွေ့ရသည့်အတွက် မိမိအနေဖြင့်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အထက(၂)တောင်ကြီး အစည်းအဝေးခန်းမ၌ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားစဉ်။

စိုးရိမ်မိပါကြောင်း၊ မည်သည့်အတွက်ကြောင့် ယခုလိုနည်းပါးရသည်ကိုလည်း အဖြေမပေးနိုင်ကြပါကြောင်း၊ တစ်ယောက်ကပြောသည်မှာ အချို့က ကျောင်းထွက်အလုပ်လုပ်ပြီး အချို့က ဘာမှမလုပ်ဘဲ နေနေကြကြောင်း၊ ယင်းကိုမိဘများနှင့် ဆရာဆရာမများအနေဖြင့် ပြန်လည်ကြည့်ရှုပေးစေချင်ပါကြောင်း၊ ကျောင်းမတက်သည့် ယောကျ်ားလေးများသည် မိဘများကိုကူညီပြီး စီးပွားရေးလုပ်နေသလား၊ အလုပ်လုပ်နေသလား၊ လမ်းပေါ်ရောက်နေသလား သို့မဟုတ် လက်ဖက်ရည်ဆိုင်မှ အရက်ဆိုင်၊ ထိုမှတစ်ဆင့် မူးယစ်ဆေးဝါးအဆင့်အထိ ရောက်သွားမည်ကို မိမိအနေဖြင့် စိုးရိမ်ပါကြောင်း။

**ကျောင်းနေနှုန်းပိုပြီး တက်လာနိုင်**

မိမိတို့နိုင်ငံတွင် အထက်တန်းကျောင်းအဆင့်သို့ ယောကျ်ားလေးများဆက်ပြီး မနေကြသည်မှာ များလာပါကြောင်း၊ တက္ကသိုလ်များ၌ မိန်းကလေးများ ပိုများလာသည်ကို မိမိတို့အနေဖြင့် ဒီလိုပဲဆိုပြီးနေ၍ မဖြစ်ကြောင်း၊ ပညာမပြည့်စုံသည့် ယောကျ်ားလေးများသည် အနာဂတ်တွင် လူမှုအသိုင်းအဝိုင်းအတွက် ပြဿနာများ ဖြစ်လာနိုင်ပါကြောင်း၊ ၎င်းတို့ မိဘများမှ တစ်သက်လုံး လုပ်ကျွေးထားနိုင်မည် မဟုတ်ပါကြောင်း။

ထို့ကြောင့် မိမိအနေဖြင့် ယောကျ်ားလေးများကျောင်းဆက်နေချင်အောင် သင်ရိုးညွှန်းတမ်းများကို မည်သို့ပြောင်းလဲမည်၊ စာမေးပွဲများတွင် အမှတ်ပိုများအောင် မည်သို့လုပ်ရမည်ကို ပညာရေးဝန်ကြီးနှင့်တိုင်ပင်၍ အမျိုးမျိုးစဉ်းစားရပါကြောင်း၊ ယောကျ်ားလေးများ ၁၈ နှစ်နှင့် ၂၀ ဝန်းကျင်တွင် ရင့်ကျက်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ပညာရေးစနစ်အရ တက္ကသိုလ်ဘာသာရပ်များ သင်ယူနိုင်ရန် အချိန်နည်းသွားမည်ကိုလည်း ထည့်တွက်ရပါကြောင်း၊ ထို့ပြင်ယောကျ်ားလေးများအတွက် ထူးချွန်နိုင်မည့် ဘာသာရပ်များကို မည်သို့ထည့်သွင်းပေးသင့်သည်အထိ စဉ်းစားရပါကြောင်း၊ ယခုကျောင်းကို အခြေခံပြီး ပညာရေးစနစ်နှင့်ပတ်သက်ပြီး အကြံပြုလိုသည်များကို အကြံပြုစေလိုပါကြောင်း၊ ကျောင်းဆရာများများလာပါက ယောကျ်ားလေးများ ကျောင်းနေနှုန်းပိုပြီး တက်လာနိုင်သည်ဟု ထင်ပါကြောင်း။

ကျောင်းမှ မိဘဆရာအသင်းအနေဖြင့် မိမိနှင့်တွေ့ဆုံစဉ်အခိုက်အားဖြင့် ပထမဦးဆုံး ကျောင်းကိုအခြေခံပြီး ပညာရေးစနစ်နှင့် ပတ်သက်၍ အကြံပြုချင်သည်များကို အကြံပြုကြပါ၊ ထို့ပြင် တစ်နိုင်ငံလုံး၏ ပညာရေးစနစ်နှင့်ပတ်သက်၍ အကြံပြုချက်များနှင့် သိချင်တာများကို မေးမြန်းကြပါ၊ ပညာရေးဝန်ကြီးကိုယ်တိုင် ပါလာသည့်အတွက် ပညာရေးမူဝါဒများကို အသေးစိတ်ရှင်းပြနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ကျောင်းသားမိဘများနှင့် ကျောင်းအုပ်ဆရာကြီးတို့က ကျောင်း၏ လိုအပ်ချက်၊ ကလေးများလိမ္မာယဉ်ကျေးမှုရှိရေးနှင့် ကျူရှင်သင်ကြားမှုကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အပိုင်းက ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေနှင့် မိဘဆရာများအပိုင်းက ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆရာဆရာမများ၊ ကျောင်းသားမိဘများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အဆောက်အအုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယက ဦးအောင်ကိုဝင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းတို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**အမွေးနံ့သာရည် ပက်ဖျန်းပေး**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အဆောက်အအုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးဖွင့်ပွဲ ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါရုံးခန်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယနေ့ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အဆောက်အအုံဖွင့်ပွဲကို တက်ရောက်ရသည့်အတွက် မိမိအနေဖြင့် ဝမ်းသာပါကြောင်း၊ ပြီးခဲ့သည့်ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် လှည့်လည်ကြည့်ရှုခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာ ရှိသည်ကို တွေ့ရှိခဲ့ပါကြောင်း။

မိမိရောက်ရှိခဲ့သည့် ၂၀၁၅ ခုနှစ် ဩဂုတ်လလောက်ကအခြေအနေနှင့် ယခုအခြေအနေသည် များစွာပြောင်းလဲသွားပါကြောင်း၊ ပြောင်းလဲသွားသည်မှာလည်း အားရစရာကောင်းပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရာတွင် မှန်မှန်ကန်ကန်ပုံစံနှင့် ဖွံ့ဖြိုးတိုးတက်ရန် လိုသည်ဆိုသည်ကို ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များကို အထူးပြောရန် လိုအပ်မည်ဟု မထင်ပါကြောင်း၊ အသင်းအတွက် ယခုကဲ့သို့ နေရာတစ်ခုဖွင့်ပေးခြင်းသည် မိမိတို့၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အားပေးသည့်အနေဖြင့် လုပ်ဆောင်ပေးသည်ဆိုသည်ကို မိမိတို့ သဘောပေါက်ပါကြောင်း၊ ထိုကဲ့သို့ အားပေးသည့်အတိုင်းပင်ဖြစ်မြောက်မည်ဟုလည်း ယုံကြည်ပါကြောင်း၊

စာမျက်နှာ ၇ သို့ » »



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အထက(၂)တောင်ကြီး၌ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
ဓာတ်ပုံ-သက်အောင်

»» စာမျက်နှာ ၆ မှ

မိမိအနေဖြင့် စဉ်းစားလိုက်လျှင် သမိုင်းမှာပင် ကုန်သည်များသည် မိမိတို့နိုင်ငံတွင် အရေးပါသည့် ကဏ္ဍကို တွေ့မြင်မိပါကြောင်း၊ မိဖုရားဖွားစောက ကုန်သည်များသည် ပြည်သူ့ဝမ်းဗိုက်ဟု ပြောခဲ့ပါကြောင်း၊ ပြည်သူ့ဝမ်းဗိုက်ကို မဖောက်ကောင်းပါကြောင်း၊ ယခုထက်ထိလည်းမှန်နေပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတစ်နိုင်ငံ၏ ဝမ်းဗိုက်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံသူနိုင်ငံသားများ၏ စားဝတ်နေရေးကောင်းမွန်လာစေရန်၊ ဖွံ့ဖြိုးလာစေရန် များစွာထောက်ပံ့ကူညီနိုင်သည့် အသိုင်းအဝိုင်းဖြစ်ပါကြောင်း။

**စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရ**

မိမိတို့ အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍတွင် ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ ပါဝင်လာရေးကို ကြိုဆိုအားပေးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတိုးတက်ရန်ဆိုသည်မှာ အလွှာအသီးသီး၊ လူတန်းစားအသီးသီး၊ နေရာအသီးသီး၊ ဒေသအသီးသီး အားလုံးပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်ပါကြောင်း၊ ယခုအချိန်တွင် အောင်မြင်မှုရရှိရန် အလွန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံသည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည့် နိုင်ငံဖြစ်ပါကြောင်း၊ သို့သော် မိမိအနေဖြင့် ပြည်သူပြည်သားများ၏ အရည်အချင်းကို ယုံကြည်သည့်အတွက် စိန်ခေါ်မှုများကို စိုးရိမ်ကြောင့်ကြမှုမရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ပိုမိုလွယ်ကူစွာလုပ်ဆောင်နိုင်ရန် အစိုးရအနေဖြင့် တာဝန်ယူသည့်အချိန်မှစပြီး ဥပဒေပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခဲ့သည်ဆိုသည်ကို အထူးတလည်ပြောရန် လိုအပ်မည်ဟုမထင်ပါကြောင်း၊ မကြာခင်ကကျင်းပခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဖိုရမ် တွင်လည်း အားလုံးပြောကြားပြီး ဖြစ်ပါကြောင်း။

မိမိတို့ ယခု ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ဆောင်ရွက်နေသည့် နည်းစနစ်များသည် စီးပွားရေးလုပ်ရန် ပိုမိုလွယ်ကူစေရန်၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန်နှင့် ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် မိမိတို့ပြည်သူအများအကျိုးစီးပွားရရှိစေရန်အတွက် ဦးတည်ကာ အပြောင်းအလဲများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အပြောင်းအလဲများ ဆောင်ရွက်သည့်အခါ မိမိတို့နိုင်ငံ၏ အနေအထားကို မမေ့ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဒေသပေါင်းစုံ ပါဝင်သည့် ပြည်ထောင်စုဖြစ်ပါကြောင်း၊ ပြည်ထောင်စုအတွင်းတိုးတက်သည့် နေရာတွင် ညီညီမျှမျှတိုးတက်စေချင်ပါကြောင်း၊ အားလုံးသည် အေးအတူပူအမျှ စိတ်ဓာတ်ဖြင့် ပြဿနာများရှိပါကလည်း အတူတူကျော်လွှားပြီး ကောင်းကျိုးများကိုလည်း အတူတူမျှဝေခံစားရင်းဖြင့် မိမိတို့ ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးတိုးတက်စေချင်ပါကြောင်း။

**မှန်မှန်ကန်ကန်ပြုစုပျိုးထောင်**

မိမိတို့၏ အဓိကအရင်းအမြစ်သည် လူသားအရင်းအမြစ်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝသယံဇာတပစ္စည်းပေါကြွယ်ဝသည့် နိုင်ငံဟုအားကျသည့် ပုဂ္ဂိုလ်များလည်း ရှိပါကြောင်း၊ သယံဇာတဆိုသည်မှာ ပြုန်းတီးသွားနိုင်ရုံသာမက ရှိနေသည့် အချိန်တွင်ပင် မှန်မှန်ကန်ကန် မသုံးတတ်ပါက အကျိုးရှိသင့်သလောက် ရှိမည်မဟုတ်ပါကြောင်း၊ အမှန်တကယ် အရေးကြီးသည်မှာမိမိတို့၏ လူသားအရင်းအမြစ်ပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိအနေဖြင့် ခရီးသွားသည့်အခါ တတ်နိုင်သမျှ စာသင်ကျောင်းများကို ကြည့်ရှုပါကြောင်း၊ ထိုကဲ့သို့ ကျောင်းများကို ကြည့်ရှုသည့်အခါ အားတက်စရာကောင်းပါကြောင်း၊ ယနေ့တွင် အထက (၂) ကျောင်းကို ဝင်ရောက်ကြည့်ရှုခဲ့ပါကြောင်း၊ KG မှ အစတက္ကသိုလ်ဝင်တန်းအထိ ကလေးများအားလုံးသည် အားရစရာဟု ထင်မြင်မိပါကြောင်း၊ ကလေးများကို အဓိကသဘောကျသည်မှာ ကြောက်စိတ်အင်မတန်နည်းပါးပါကြောင်း၊ သူစိမ်းလူကြီးများ လာလည်သည့်အတွက် အနည်းငယ်ရှက်သော်လည်း မကြောက်ကြပါကြောင်း၊ ထို့ပြင် တက္ကသိုလ်ဝင်တန်းကျောင်းသားများ၏ အမျိုးမျိုးသော ရည်ရွယ်ချက်နှင့် စိတ်ကူးများမှာ စိတ်ဝင်စားဖို့ကောင်းပါကြောင်း၊ မိမိတို့လူသားအရင်းအမြစ်သည် အင်မတန်ကြီးမားတန်ဖိုးရှိ၍ အကောင်းဆုံးဖြစ်အောင်သုံးရန် မေတ္တာရပ်ခံချင်ပါကြောင်း။

မိမိတို့အနေဖြင့် သဘာဝသယံဇာတပစ္စည်းများကို မှန်မှန်ကန်ကန်သုံးစွဲရန် အရေးကြီးသည့်အပြင် လူသားအရင်းအမြစ်ကို မှန်မှန်ကန်ကန် ပြုစုပျိုးထောင်ရေးက ပိုအရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် လူသားအရင်းအမြစ်ကို အဓိကထား ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံချင်သူများ များပြားလာသည့်အတွက် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ယင်းကိုပြည်နယ်အစိုးရအနေဖြင့် သိရှိသည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ရှမ်းပြည်နယ်သည် ရင်းနှီးမြှုပ်နှံသူများ မျက်စိကျစရာ နေရာတစ်ခု ဖြစ်သည့်အတွက် အထူးဂရုစိုက်ရမည်ဖြစ်ကြောင်း။

**အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံ**

မိမိတို့ ပြည်သူများ၏ စွမ်းအားများနှင့် ရတနာများကိုအထူးတန်ဖိုးထား ဂရုစိုက်ပြုစုပျိုးထောင်၍ နိုင်ငံ၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း၊ ယင်းမှာ ယခုမျိုးဆက်အတွက် သာမက နောင်မျိုးဆက်များတစ်ဆက်ပြီးတစ်ဆက် မဆုံးနိုင်အောင် နိုင်ငံ၏တာဝန်များကို ထမ်းဆောင်သွားမည့် လူငယ်၊ လူလတ်ပိုင်းနှင့် လူကြီးပိုင်းကို မွေးထုတ်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်ကြီးများက ဝိုင်းဝန်းပြီးကူညီပေးကြရန် မိမိအနေဖြင့် မေတ္တာရပ်ခံချင်ပါကြောင်း။

မြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်းနာယက ဦးအောင်ကိုဝင်းက ယခုအဆောက်အအုံဖြစ်ပေါ်လာအောင် ကူညီသည့်အတွက် မိမိအနေဖြင့် အားရပါကြောင်း၊ ယခုလိုနိုင်ငံတိုးတက်နိုင်ရန်အတွက် ကိုယ့်တွင်ရှိသည့်စွမ်းအားများကို မျှဝေသုံးမည်ဆိုပါက မိမိတို့ နိုင်ငံသည်ချမ်းသာသောနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ဆင်းရဲသည့် နိုင်ငံမဟုတ်ပါကြောင်း၊ GDP ကိုကြည့်ပြီးဆင်းရဲချမ်းသာ မသတ်မှတ်ဘဲ နိုင်ငံသူနိုင်ငံသားအချင်းချင်း မျှတချင်တဲ့စိတ်၊ တစ်ဦးအပေါ်တစ်ဦးစေတနာထားသည့်စိတ်မြင့်မားပါက မိမိတို့သည် ချမ်းသာသော နိုင်ငံတစ်ခုဖြစ်သည်ဟု ပြော၍ရပါကြောင်း၊ ယနေ့ကျောင်းတွင် တွေ့ခဲ့ရသော ကလေးများ၏ ပျော်ရွှင်မှုသည် အင်မတန်ချမ်းသာပြီး ကမ္ဘာပေါ်တွင် အတိုးတက်ဆုံးဆိုသည့် နိုင်ငံများမှကလေးများ၏ ပျော်ရွှင်မှုထက် မနိမ့်ကျပါကြောင်း။

မိမိတို့၏ကလေးများကို စိတ်ဓာတ်ရေးရာအရ၊ ဉာဏ်ပညာရေးရာအရ ဖွံ့ဖြိုးတိုးတက်အောင် ဆက်ပြီးလုပ်သွားနိုင်မည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးမှုသည် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ဆက်ပြီးတိုးတက်သွားမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဖြစ်အောင် ကူညီပေးကြသည့် မိမိတို့နိုင်ငံနှင့် ပြည်သူလူထု၏ ဝမ်းဗိုက်များ ဖြစ်ကြသောကုန်သည်ကြီးများသည် ယခုအဆောက်အအုံကစပြီးပိုမို၍ တစ်နေ့ထက်တစ်နေ့တိုးပြီး နိုင်ငံ၏ အကျိုးကို ထမ်းဆောင်နိုင်ပါစေ၊ ရှမ်းပြည်နယ်တောင်ပိုင်းသာမက ပြည်နယ်တစ်ခုလုံး၊ ပြည်ထောင်စုတစ်ခုလုံး၏အကျိုးကို ထိထိရောက်ရောက် ထမ်းဆောင်နိုင်ကြပါစေဟု မိမိအနေဖြင့် ဆုတောင်းမေတ္တာပို့ပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အသင်း ဖွဲ့စည်းတည်ထောင်ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး တည်ဆောက်ရာတွင် ရန်ပုံငွေပံ့ပိုးကူညီခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နာယက ဦးအောင်ကိုဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့် WEWG ဥက္ကဋ္ဌ ဒေါ်နန်းမိုမိုသီတာတို့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အမှတ်တရ သစ်သီးခြင်းလက်ဆောင် ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တိုင်းရင်းသားအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **သတင်းစဉ်**





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက ဦးအောင်ကိုဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ ဓာတ်ပုံ-သက်အောင်

# အောင်ဘာလေထီ ရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းအား စီးပွားရေးလုပ်ငန်းရှင်များက လက်ဝါးကြီးအုပ် ချုပ်ကိုင်မှုမပြုနိုင်စေရေး အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနဝမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် အဆို ၁ ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

## တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း ကဏ္ဍမှရရှိသည့် ဝင်ငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံ ဝင်ရောက်ပြီးဖြစ်

ဒဂုံမြို့ဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်၏ **မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ အကြိုအဖွဲ့ဝင် (candidate) အနေဖြင့် ဝင်ရောက်ခဲ့သည့် Extractive Industries Transparency Initiative (EITI) ဆိုသည့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး ဆောင်ရွက်နေသည့် အဖွဲ့ကြီး၏ တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတတူးဖော်ခြင်းမှ ရရှိသည့်နိုင်ငံတော်၏ ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အလုံးစုံဝင်ရောက်နိုင်ရေးအစီအစဉ်များ မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နှစ်စဉ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများတွင် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ရငွေ၊ သုံးငွေများကို ပွင့်လင်းမြင်သာစွာ လေ့လာတွေ့ရှိနိုင်ပြီး **တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှ နိုင်ငံတော်မှရရှိသည့် ဝင်ငွေများသည် သက်ဆိုင်ရာဝန်ကြီးဌာန အလိုက် ရငွေများတွင် ဝင်ရောက်ခြင်းဖြစ်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံ ဝင်ရောက်ပြီးဖြစ်**ပါကြောင်း၊ အဆိုပါရငွေများကို နှစ်စဉ်ထုတ်ဝေသော Citizen's Budget စာစောင်တွင်လည်းကောင်း၊ ဝန်ကြီးဌာန Website တွင်လည်းကောင်း အများပြည်သူသိရှိစေရန် ဖော်ပြပေးလျက်ရှိပါကြောင်း။

သယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှ ရရှိသည့် နိုင်ငံတော်၏ ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာ ချပြလျက်ရှိပါကြောင်း၊ ထိုဝင်ငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်ပြီး ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ဝင်ရောက်ပြီးဖြစ်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ Other Account (OA) စာရင်းများနှင့်ပတ်သက်၍ စာရင်းသဘောအရ လက်ကျန်ပေါ်နေသောငွေရပ်များကို မည်သို့ဆက်လက်ဆောင်ရွက်သင့်သည်ကို နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းမှုကော်မတီတွင် စိစစ်သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကလေးမြို့ဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၏ **အောင်ဘာလေသိန်းဆုဌာနမှ သတ်မှတ်ဈေးနှုန်းဖြင့် ပြည်သူများလွယ်ကူစွာ ဝယ်ယူကံစမ်းနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ထားသည်နှင့် သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချနေသော လုပ်ငန်းရှင်အဆင့်ဆင့်များအား မည်သို့ညှိနှိုင်းစီမံဆောင်ရွက်သွားမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ထီဈေးနှုန်းကြီးမြင့်မှုမရှိစေရေး၊ ထီကံစမ်းလိုသူများ လိုသလောက်အလွယ်တကူ ဝယ်ယူကံစမ်းနိုင်ရေးနှင့် အောင်ဘာလေ ထီရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းအား စီးပွားရေးလုပ်ငန်းရှင်များက လက်ဝါးကြီးအုပ် ချုပ်ကိုင်မှု မပြုနိုင်စေရေးတို့အတွက် သတ်မှတ်ချက်နှင့်အညီ ကြိုတင်လျှောက်ထား၍ Deposit တင်သွင်းသည့် ထီလုပ်ငန်းရှင်များအား ဥပဒေနှင့်အညီ စာချုပ်ချုပ်ဆို၍ ရောင်းချခြင်း၊ စာချုပ်ပါ စည်းကမ်းချက်များကို တိကျစွာ လိုက်နာမှုမရှိသော ထီဝယ်ယူခွင့်လျှောက်ထားသူများနှင့် ဈေးနှုန်းတိုးမြှင့် ရောင်းချသည့် လက်ကားဆိုင်ကြီးများ၊ လက်ခွဲ၊ လက်လီအရောင်းဆိုင်များအား မြို့နယ်များအလိုက် စိစစ်ဖော်ထုတ်၍ ထီစာအုပ်ဝယ်ယူခွင့် ပိတ်သိမ်းခြင်း၊ စပေါ်ငွေများ သိမ်းယူခြင်း စသည့်စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများနှင့် အရေးယူကြပ်မတ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

သိန္နီမြို့ဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ **ရေပူစစ်ဆေးရေးဂိတ်၏ ယာဉ်များ စစ်ဆေးရာလမ်းကြောင်း၊ စစ်ဆေးသည့်နေရာများ ယာဉ်သွားလာမှုအဆင်ပြေစေရန် ကောင်းမွန်သောလမ်းများ ခင်းထားပေးရန် အစီအစဉ် ရှိ၊ မရှိ ယာဉ်စစ်ဆေးရာတွင် တာဝန်ကျဝန်ထမ်းများနှင့် ပြည်သူစစ်များ၏ ဆက်ဆံရေးကို ပြုပြင်ပြောင်းလဲလာစေရန် မည်သို့ ဆောင်ရွက်ပေးမည်နှင့် ပြည်ပသို့ တင်ပို့သည့် ပါမစ်ရနွားကားများကို စစ်ဆေးသည့် အထူးအစီအစဉ်များ ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရေပူစစ်ဆေးရေးဂိတ်၏ ယာဉ်များစစ်ဆေးရာလမ်းကြောင်း၊ စစ်ဆေးသည့်နေရာများ ယာဉ်သွားလာမှုအဆင်ပြေစေရန် ကောင်းမွန်သောလမ်းများ ခင်းထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဖြေကြားချက်အရ လတ်တလောအခြေအနေတွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၏ အကူအညီ တောင်းခံမှုဖြင့် ပြည်ထောင်စုလမ်းမကြီး၏ ဆောက်လုပ်ရေးတာဝန်ယူထားသော BOT ကုမ္ပဏီမှ ကျောက်ခင်းခြင်း၊ မြေဖို့ခြင်းများအား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါလမ်းများကို ကုမ္ပဏီအနေဖြင့် လမ်းများ ပျက်စီးလျှင်ချက်ချင်း ပြုပြင်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၏ မြေနေရာ ၈ ဒသမ ၉၆ ဧကအား အကောက်ခွန်ဦးစီးဌာနပိုင် ဂရမ်မြေအဖြစ် ခွင့်ပြုချက်ရရှိရန် ဆောင်ရွက်လျက်ရှိပြီး အကောက်ခွန် ဦးစီးဌာနပိုင်အဖြစ် ရရှိပြီးပါက နိုင်ငံတော်ဘဏ္ဍာငွေ ခွင့်ပြုချက်ဖြင့် စခန်းအတွင်းရှိ ကျောက်ခင်းလမ်းမကြီးများကို ပိုမိုကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ယာဉ်စစ်ဆေးရာတွင် တာဝန်ကျဝန်ထမ်းများနှင့် ပြည်သူစစ်များ၏ ဆက်ဆံရေးကို ပြုပြင်ပြောင်းလဲစေရန် မည်သို့ဆောင်ရွက်ပေးမည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနများမှ ပူးပေါင်းအဖွဲ့များ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ စခန်းတည်မြဲအမိန့်ထုတ်ပြန်၍ တာဝန်ကျဌာနဆိုင်ရာများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ထားရှိပါကြောင်း၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် တရားမဝင်ကုန်ပစ္စည်းများ၊ လူများစစ်ဆေးခြင်းကို တည်မြဲအမိန့်ပါ သတ်မှတ်ချက်များအတိုင်းဆောင်ရွက်၍ တပ်မတော်၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့နှင့် ပိန်းဆာပြည်သူ့စစ်အဖွဲ့များသည် တည်မြဲအမိန့်အရ စခန်း၏ အတွင်းစည်း၊ အပြင်စည်းလုံခြုံရေးပိုင်းဆိုင်ရာများကိုသာ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ တာဝန်သတ်မှတ်ချက်အရ ခရီးသည်ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် တိုက်ရိုက်ထိတွေ့ ပြောဆိုဆက်ဆံရခြင်းမလိုအပ်ပါကြောင်း၊ စခန်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအားလုံးကိုလည်း ပြည်သူလူထုနှင့် ထိတွေ့ပြောဆိုဆက်ဆံရာတွင် ပြေပြစ်စွာ ဆောင်ရွက်ကြရန် မှာကြားရှင်းလင်းမှုများ ဆောင်ရွက်ထားရှိပါကြောင်း။

## နွားတင်ပို့မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ကျဝန်ထမ်းများက စစ်ဆေးဆောင်ရွက်လျက်ရှိ

ထို့နောက် နွားတင်ပို့မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ကျဝန်ထမ်းများက သတ်မှတ်စာရွက်စာတမ်းများ စုံလင်စွာ ပါဝင်ခြင်း ရှိ၊ မရှိ၊ သယ်ဆောင်လာသော ကောင်ရေနှင့် အမျိုးအစား မှန်ကန်ကိုက်ညီမှုရှိ၊ မရှိ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် ထပ်မံစစ်ဆေး၍ တင်ပို့လျက်ရှိပါကြောင်း၊ ယင်းသို့ တရားဝင်လမ်းကြောင်းမှ ပို့ဆောင်မှုကို စစ်ဆေးဆောင်ရွက်သည့်အပြင် တရားမဝင်လမ်းကြောင်းများမှ တင်ပို့မှုများကိုလည်း ဒေသအာဏာပိုင်များ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ အထူးအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆေးဖမ်းဆီးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သန်လျင် မြို့ဆန္ဒနယ်မှ ဦးလွင်ကိုလတ်၊ ကော့သောင်းမြို့ဆန္ဒနယ်မှ ဦးခင်ဇော်၊ ရေကြည် မြို့ဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်းနှင့် တောင်ဥက္ကလာပမြို့ဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နေပြည်တော်ကောင်စီဝင် ဦးညီထွန်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပုလဲမြို့ဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က **နိုင်ငံတော်ပိုင် မြေယာများ၊ အဆောက်အအုံများ၊ လုပ်ငန်းများအပေါ်အခြေပြု၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် ခွင့်ပြုခဲ့သော စီမံကိန်းများအား ပြန်လည်သုံးသပ်စစ်ဆေးကာ ကတိကဝတ်နှင့် မညီညွတ်ပါက ခွင့်ပြုချက်ရပ်ဆိုင်းခြင်း၊ ထိုက်သင့်သော အရေးယူမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက် အကျိုးရှိသော စီမံကိန်းသစ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံပိုင်အရင်းအမြစ်များအတွက် အမှန်တကယ်အကျိုးရှိလာစေရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် မိမိတို့နိုင်ငံတွင် လွန်ခဲ့သည့် ကာလအဆက်ဆက်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရများ၏ ခွင့်ပြုချက်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအနှံ့အပြားတွင် နိုင်ငံပိုင်မြေယာများ၊ အဆောက်အအုံများနှင့် လုပ်ငန်းများကို လွှဲပြောင်းရယူပြီး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုသည့် ကတိကဝတ်အမျိုးမျိုးဖြင့် ရယူခဲ့သည့် စီမံကိန်းများအနက် တချို့သည် လုံးဝအကောင်အထည်ဖော်မှုမရှိသေးခြင်း၊ တစ်ပိုင်းတစ်စ အကောင်အထည်ဖော်ဟန်ပြ၍ ရပ်ဆိုင်းထားခြင်းများ ရှိနေပါကြောင်း၊ ယင်းကိစ္စများနှင့်စပ်လျဉ်း၍ လွှတ်တော်မှ မိမိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များက မကြာခဏ မေးမြန်းခဲ့ကြပြီး ပြတ်သားသည့် အဖြေနှင့် မူဝါဒများ ဖြစ်ပေါ်မလာသေးသည့်အတွက် ဥပဒေပြုမဏ္ဍိုင်ဖြစ်သည့် မိမိတို့ လွှတ်တော်မှ ဆုံးဖြတ်ချက်ချမှတ်ပေးသင့်ပြီဟု ယုံကြည်သည့်အတွက် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း။

နိုင်ငံ၏ မြေယာ၊ အဆောက်အအုံနှင့် လုပ်ငန်းအရင်းအမြစ်များအပေါ်အခြေခံ၍ ငှားရမ်းထားမှု၊ ဖက်စပ်ဆောင်ရွက်မည်ဟု သဘောတူထားမှု စသည့် နည်းအမျိုးမျိုးဖြင့် ရယူထားကြသည့် လုပ်ငန်း စီမံကိန်းများကို ပြန်လည်စိစစ်၍ အစိုးရအဖွဲ့အစည်းများနှင့် ထားရှိခဲ့သော ကတိကဝတ်များအတိုင်း အရေးယူခြင်း၊ ပြန်လည်သိမ်းယူခြင်း၊ ကြပ်မတ်ခြင်း၊ ကာလပေါက်ဈေးနှင့် သဘာဝမကျသည့် အရာများကို ပြင်ဆင်ခြင်းများ အမြန်ဆုံးလုပ်ဆောင်ရန် လွှတ်တော်က ဆုံးဖြတ်ချက်ပေးနိုင်မှသာ ပြည်ထောင်စုအစိုးရက ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ နှစ်ရှည်အခြေခံအဆောက်အဦ အစီအစဉ်ဒီဇိုင်းများနှင့်အညီ အမှန်တကယ်ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းသစ်များကို အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဂန့်ဂေါမြို့ဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများကို ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက ရှင်းလင်းတင်ပြပြီး သဘောတူသင့်သည့် အချက် ၃၂ ချက်နှင့် သဘောမတူသည့် အချက် ၃၆ ချက်တို့ကို အဆိုတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါအချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းတစ်ရပ်လုံးတွင် ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ငွေစက္ကူအတုပြုလုပ်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ အတုမှန်းသိလျက် အသုံးပြုခြင်းတို့ကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **ငွေစက္ကူအတုများ ဖမ်းဆီးရမိမှုအပေါ် သက်ဆိုင်ရာမှ မည်သို့ တုံ့ပြန်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ငွေစက္ကူအတု ပြုလုပ်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ အတုမှန်း သိလျက် အသုံးပြုခြင်းတို့ကို ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိပြီး သယ်ဆောင်ခြင်း၊ အသုံးပြုခြင်းကို အတုမှန်းမသိကြောင်း ခိုင်မာသောအထောက်အထား ရှိပါက ယခုအချိန်တွင် အရေးယူအပြစ်ပေးခြင်းမရှိပါ ကြောင်း၊ ပြည်ပမှ ငွေစက္ကူအတုများ တင်သွင်းမှု မရှိနိုင် ရေးအတွက် နိုင်ငံ၏ နယ်စပ်တစ်လျှောက်တွင် တားဆီး မည့်အစီအမံနှင့်စီမံချက်များရေးဆွဲ၍ ဖော်ထုတ်ဖမ်းဆီး လျက်ရှိပါကြောင်းနှင့် ပြည်ပမှ ငွေစက္ကူအတုများ ပြုလုပ် မှု စစ်ဆေးပေါ် ပေါက်ပါက သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံ များနှင့် ပူးပေါင်းဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိပါ ကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့် (ခ) ဆင်မြူရယ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်**ကို အတည် ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် **မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ က ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး**က လူမွဲခံယူခြင်းဆိုသည့် စကားရပ်သည် ရှင်းလင်းပြတ်သားသည့် စကားရပ်ဖြစ်သည်မှာ ထင်ရှား ပေါ်လွင်နေပြီး မြီစားပြန်လည်ထူထောင်ရေးဆိုသည့် စကားရပ်သည် မရှင်းမလင်း မပြတ်မသားဖြစ်ကာ စိတ်ရှုပ် ထွေးစရာကောင်းသည့် စကားရပ်မျိုးဖြစ်သည်ကို လူတိုင်းထင်ရှားလွယ်ကူစွာ သိရှိနိုင်ပါကြောင်း၊ ထို့ပြင် ဥပဒေပြဋ္ဌာန်းချက်များ၏ အနှစ်သာရကိုလည်း နားမလည် နိုင်လောက်အောင် စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ အခက် အခဲများ ပေါ်ပေါက်သွားစေနိုင်ပါကြောင်း၊ ထို့ကြောင့် အများပြည်သူ လျစ်လျူရှုခြင်းများ ဖြစ်လာနိုင်ပြီး တရား ဥပဒေစိုးမိုးမှုကိုပါ ထိခိုက်လာနိုင်သည့် စကားရပ်မျိုး ဖြစ်သည်ဟု ထင်မြင်မိသည့်အတွက် အဆိုပါ မြီစား ပြန်လည်ထူထောင်ရေးဆိုသည့် စကားရပ်ကို မသုံးသင့် သည်ကို အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခ) သန်းစိုး (ဘောဂဗေဒ) တို့က ဆက်လက်ဆွေးနွေးကြ သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုး၏ **ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း**က ယခုအချိန်သည် မိမိတို့၏ နိုင်ငံကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော် အဖြစ် တည်ဆောက်နေပြီဖြစ်ပါကြောင်း၊ ဥပဒေပြုရေး မဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားရေးမဏ္ဍိုင်ဟူ၍ မဏ္ဍိုင်ကြီးသုံးခုရှိရာတွင် တစ်ဖက်နှင့်တစ်ဖက် Check and Balance ဖြစ်စေရန် ထိန်းညှိ၍ သွားနေပြီဖြစ်ပါ ကြောင်း၊ မိမိတို့ကိုယ်စားလှယ်များသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသူများဖြစ်သည့်အတွက် ဥပဒေ ပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြု၍ ပြည်သူများ၏ ဆန္ဒနှင့် အညီ မှန်ကန်မျှတဖြောင့်မတ်သည့် တရားစီရင်ရေးဖြစ်ရန် နှင့် တိမ်းစောင်းနေသည့် တရားရေးမဏ္ဍိုင်ကို ပြန်လည် တည့်မတ်စေလိုသည့်အတွက် အဆိုရှင်က တင်သွင်းလာ ခြင်း ဖြစ်သည်ဟု ထင်မြင်ယူဆမိပါကြောင်း၊ တရားသူကြီး များအနေဖြင့် ပြည်သူများ၏ အခွန်ဘဏ္ဍာငွေကို စားနေ သည့် ပြည်သူ့ဝန်ထမ်းများ ဖြစ်နေသည့်အတွက် ပြည်သူ များ ဖြစ်စေချင်သည့် ဆန္ဒကို ဆောင်ရွက်ပေးရန် သင့်ပါ ကြောင်း၊ ထို့ကြောင့် အဆိုကို လေးနက်စွာ ထောက်ခံပါ ကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး**က ဒီမိုကရေစီနိုင်ငံတစ်ခု၏ အရေး အကြီးဆုံးနှင့် အရေးအပါဆုံးသော တရားရေးမဏ္ဍိုင်တစ်ခု ပေါ်ထွက်လာရန်၊ တရားစီရင်ရေးအပေါ် ပြည်သူများ ယုံကြည်လေးစားမှု ပိုမိုရရှိလာရန်အတွက် တရားသူကြီး များသည် အမှုတစ်ခုအား စတင်စစ်ဆေးပြီးချိန် သို့မဟုတ် စစ်ဆေးပြီးသည့်အခါတွင် အမှုတစ်ခုအပေါ်တွင် စီရင်ချက်၊ ဆုံးဖြတ်ချက်ချမည့် အချိန်မျိုး၌ တရားသူကြီးများ ကိုယ်တိုင် ကျမ်းသစ္စာကို လေးလေးနက်နက်ကျိန်ဆို၍ မိမိ၏ အမှုသည်များအပေါ်တွင် မှန်ကန်စွာဆုံးဖြတ် ကြောင်းကို သက်သေပြသင့်ပါကြောင်း၊ ထို့ကြောင့် အဆို ကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေး သည်။

ယင်းအဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်စန်းစန်း မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်နှင့် တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

**အောင်ရဲသွင်(သတင်းစဉ်)**

✻ ကျောဖုံးမှ

ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်နေသည့် မူဝါဒများကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ထိုအရာများကို ဝန်ထမ်းများ လေ့လာသိရှိပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ အုပ်ချုပ်ရေးစနစ်နှင့် အုပ်ချုပ်ရေးယန္တရားသည် နိုင်ငံတော်၏အဓိက ကျောရိုးမကြီးဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံရေးစနစ်နှင့် လိုက်လျောညီထွေ တည်ဆောက် ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် နိုင်ငံရေးစနစ် အသက်ဝင်အောင် မိမိတို့အထွေထွေအုပ်ချုပ်ရေးဝန်ထမ်း များက ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ဒီမိုကရေစီဖက်ဒရယ်စနစ်အတွက် အသင့်ဖြစ်စေရန် ဗဟိုချုပ်ကိုင်မှု လျှော့ချ ရေးကိုလည်း အစီအစဉ်တကျ ဆောင်ရွက်သွားနိုင်ရန် အထူးပင်အရေးကြီးပါ ကြောင်း။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈)၏ သဘောတူညီချက်အရ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက် တွင် ပြောင်းရွှေ့ဖွဲ့စည်းတာဝန်ထမ်းဆောင်စေခဲ့ပြီးဖြစ်ပါကြောင်း၊ ပြောင်းရွှေ့ ပြီးနောက်တွင် ပထမဆုံးအနေဖြင့် အုပ်ချုပ်ရေးယန္တရား တည်ငြိမ်ရန် Stability ကို ဦးစွာအလေးပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု Administrative Reform ကို စဉ်တိုက် ဆက်တိုက်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အရွှေ့အပြောင်းကြောင့် မလိုလားအပ်သည့် အခက်အခဲမဖြစ်ပေါ်အောင် အုပ်ချုပ်ရေးယန္တရား တည်ငြိမ်ရေးကာလအဖြစ် ၂၀၁၉ ခုနှစ် ပထမ သုံးလတာကို ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် နောက်လာမည့် သုံးလတာအတွင်း ပြုပြင်ပြောင်းလဲမှု များကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်အောင် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများ၏ အတွေ့အကြုံနှင့် ပြုပြင်ပြောင်းလဲလိုစိတ်ကို အခြေခံပြီး ပညာရှင်များ၏ ဆန်းစစ်လေ့လာသုံးသပ်မှုများနှင့်ဆက်စပ်ကာ လက်တွေ့ ကျကျ အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုလထဲမှာပင် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကို နေပြည်တော်တွင် ကျင်းပသွားရန် စီစဉ်နေပါကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်များ၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ဆိုင်ရာ အတွေ့အကြုံများ၊ သင်ခန်းစာများ၊ နမူနာယူစရာများကို အခြေခံပြီး အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ကိုင်ဆောင်ရွက် နေသည့် အခြေအနေများတွင် ဘယ်အရာတွေကို ပြုပြင်ကြမည်၊ ဘယ်အရာ တွေကို ပြုပြင်သင့်သည်ကို ကိုယ်တိုင်ကိုယ်ကျ စဉ်းစားသုံးသပ်၊ အချင်းချင်း အပြန်အလှန်ဆွေးနွေးကြပြီး အပြောင်းအလဲများ ဖော်ဆောင်နိုင်မည့် လုပ်ငန်းစဉ်များ ချမှတ်သွားရန် စီစဉ်ထားပါကြောင်း။

မိမိတို့၏ ရည်ရွယ်ချက်သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စတင်ပြီး စဉ်းစားသုံးသပ်သည့်အချိန်မှစ၍ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများ၏ ပြုပြင်လိုသည့်၊ ပြောင်းလဲလိုသည့် အတွေးအခေါ်၊ အယူအဆ များ ပါဝင်နေရန် ဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ ကိုယ်တိုင် ယုံယုံကြည်ကြည် လေးလေးနက်နက်ပါဝင်မှုလည်း မိမိတို့မျှော်မှန်း သည့် ပြုပြင်ပြောင်းလဲမှုများက အကောင်အထည်ပေါ် အရာထင်လာမည် ဖြစ်သည်ဟု ယုံကြည်ထားပါကြောင်း။

တစ်ဆက်တည်းမှာပင် အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီက အစိုးရအဖွဲ့အတွင်းရေးမှူးများကို မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်အတွင်း စိတ်ကြိုက်မြို့တစ်မြို့စီ ရွေးချယ်ပြီး ဦးစားပေး သုံးမြို့ကို ပြန်တင်ပြနိုင်ရန်လည်း စီစဉ်ထားပါကြောင်း၊ ယင်းမှာ "ပြုပြင်ပြောင်းလဲမှုအတွက် ပြည်နယ်တစ်ခု၊ မြို့နယ်တစ်ခုစီမံချက်" One State - One Township Project ဟု ခေါ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များသည် မိမိတို့နယ်မြေအတွင်း အလားအလာ အကောင်းဆုံး မြို့တစ်မြို့စီ ရွေးချယ်ပြီး သတ်မှတ်ကာလအတွင်းတွင် အောင်မြင်အောင် လုပ်ကြရန်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး မြို့တိုင်းမြို့တိုင်းတွင် တစ်ပြေးညီ လုပ်မည်ဆိုပါက ကြွေးကြော်သံသာရှိပြီး လက်တွေ့အကောင်အထည်မပေါ် နိုင်သည်ကို မိမိတို့နားလည်ပါကြောင်း၊ ထို့ကြောင့် တစ်ပြည်နယ်ကို တစ်မြို့နယ် လောက်သာ ရှေ့ပြေးအနေဖြင့် စမ်းသပ်အကောင်အထည်ဖော်သွားရန် ရှိပါကြောင်း။

ထို့ကြောင့် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် ဦးစီးဌာနအတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်လုပ်ဆောင်ရမည် ဖြစ်သကဲ့သို့ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ "ပြုပြင်ပြောင်းလဲမှုအတွက် ပြည်နယ်တစ်ခု၊ မြို့နယ်တစ်ခုစီမံချက်" အောင်မြင်အောင်လည်း ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် ပိုမိုအားထုတ်၊ ပိုမိုကြိုးပမ်းကြရန် အလေးအနက်ထားမှာကြားလိုပါကြောင်း၊ ပြုပြင်လိုစိတ်ပြင်းပြမည်ဆိုပါက အပြောင်းအလဲများဆက်တိုက်ဖြစ်လာမည်၊ အဆိုပါအပြောင်းအလဲများကို ပြည်သူနှင့်အတူ စုပေါင်းပြီး ဖန်တီးပုံဖော်ပေးရန် မိမိတို့ အထွေထွေအုပ်ချုပ် ရေးဝန်ထမ်းများ၏ တာဝန်ဖြစ်သည်ကို နှလုံးသွင်းထားကြရန် တိုက်တွန်း ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများသည် အစိုးရများ မည်သို့ပင်ပြောင်းပြောင်း၊ နိုင်ငံရေးစနစ်များမည်သို့ပင် ပြောင်းပြောင်း ခိုင်မာသည့်အဖွဲ့အစည်းတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးကျောရိုးမဏ္ဍိုင်ကြီးအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ပြုပြင်ပြောင်းလဲမှုများကို စံနမူနာပြဆောင်ရွက် ပေးနိုင်ရန်၊

စာမျက်နှာ ၁၀ သို့ »»

**ပြုပြင်မှ ပြောင်းလဲမည်ဆိုသည်ကို သိထားပြီးဖြစ်သည့်အတွက် အပြောင်းအလဲများကို ရှေးရှုပြီး ပြုပြင်သင့်သည်များ ရဲရဲတင်းတင်းပြုပြင်ကြရန်၊ မည်သည့်ကဏ္ဍတွင်ပဲဖြစ်ဖြစ် ပြုပြင် ပြောင်းလဲမှုဆိုသည်မှာ တစ်ဦးချင်း၏ စိတ်ဓာတ်၊ ယုံကြည်မှု၊ ခံယူချက်များမှ စတင်သည့်အတွက် ပြုပြင်ပြောင်းလဲလိုစိတ် ခိုင်ခိုင်မာမာမွေးမြူကြရန် အလေးအနက်ထား တိုက်တွန်းလို**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၇**
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(**ဓါတ်ပုံ**)

**အမြင်ချင်းဖလှယ်**

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတို့အကြား လက်မှတ်ရေးထိုးထားသော ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique) အကောင်အထည်ဖော်ရေးကိစ္စနှင့် ယင်းသို့အကောင်အထည်ဖော်ရာတွင် စွမ်းရည်မြှင့်တင်ရန်အတွက် နည်းပညာအကူအညီများ ကုလသမဂ္ဂမှ ပေးအပ်ရေးကိစ္စအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂ ယာယီဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ အာရှနှင့် အမေရိကဒေသဆိုင်ရာ လက်ထောက်ဝန်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Pramila Patten အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂတို့အကြား လက်မှတ်ရေးထိုးထားသော ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်(Joint Communique)အား အကောင်အထည်ဖော်ရေးနှင့် ယင်းကိစ္စနှင့်ပတ်သက်၍ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရာတွင် ကုလသမဂ္ဂမှ နည်းပညာအကူအညီနှင့် အကြံဉာဏ်များပေးအပ်နိုင်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂ ယာယီဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby တို့ တက်ရောက်ကြသည်။

**လက်ခံတွေ့ဆုံ**

အလားတူ ပြည်ထောင်စုဝန်ကြီးသည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန အာရှနှင့် အမေရိကဒေသဆိုင်ရာ လက်ထောက်ဝန်ကြီး H.E. Mr. Ben King အား ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(**ယာပုံ**)



တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် ရခိုင်ပြည်နယ်အရေးကိစ္စတွင် အပြုသဘောဆောင်သော အထောက်အပံ့များ ဆက်လက်ပေးအပ်သွားရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-နယူးဇီလန် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့အကြား ပထမအကြိမ် မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့အကြား ပထမအကြိမ် မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ယနေ့ကျင်းပသည်။(**ယာပုံ**)



အဆိုပါဆွေးနွေးပွဲကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန အာရှနှင့် အမေရိကဒေသဆိုင်ရာ လက်ထောက်ဝန်ကြီး H.E. Mr. Ben King တို့က ဦးဆောင်ကျင်းပခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် ဦးစားပေးဆောင်ရွက်လျက်ရှိသည့်ကဏ္ဍများ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကဏ္ဍများကို အလေးထားဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာ-နယူးဇီလန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးတွဲကတိကဝတ်ပြုမှု သဘောတူညီချက်(၂၀၁၇-၂၀၂၁)ပါ အဓိကကဏ္ဍများဖြစ်သည့် လယ်ယာစိုက်ပျိုးရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ အသိပညာနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ် ထိန်းချုပ်ရေးတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်နှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။

အမြဲတမ်းအတွင်းဝန်က နိုင်ငံတော်အစိုးရမှ ဦးစားပေးဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်တိုးတက်မှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့သည် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ၊ အာဆီယံဒေသဆိုင်ရာ အဆောက်အဦနှင့် အင်ဒို-ပစိဖိတ် အဆိုပြုချက်တို့ကိုလည်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသည် နယူးဇီလန် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန အာရှနှင့် အမေရိကဒေသဆိုင်ရာ လက်ထောက်ဝန်ကြီး H.E. Mr. Ben King နှင့် နယူးဇီလန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား M-Gallery ဟိုတယ်၌ အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

»»» စာမျက်နှာ ၉ မှ
ပြည်သူလူထုကို မျက်နှာမူသည့် အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ရပ်ဖြစ်လာရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည့်အတွက် အလေးအနက်ထား မှာကြားလိုသည့် အဓိကအချက် (၃)ချက်ရှိပါကြောင်း။

နံပါတ်(၁)မှာ ပြည်သူလူထုပါဝင်မှုကို မြှင့်တင်ပေးသည့် အထွေထွေအုပ်ချုပ်ရေး ဖြစ်ပေါ်လာအောင် လူထုနှင့် တွေ့ဆုံပါ။ လူထုနှင့် တိုင်ပင်ပါ။ လူထုဆီက အကြံဉာဏ်ယူပါ။ လူထုအတွက် အမြဲအသင့်ရှိနေအောင် ကြိုးစားပါ။ ပြည်သူလူထုနှင့် တစ်သားတည်းရပ်တည်ဆောင်ရွက်တတ်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်အောင် ကြိုးပမ်းပေးကြပါဟု မှာကြားလိုပါကြောင်း။

**ပြင်းပြင်းထန်ထန် အရေးယူသွားမည်**

နံပါတ်(၂)မှာ ကိုယ်ကျိုးစီးပွားနှင့် အဂတိတရားကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင်တည်ဆောက်ပေးကြပါ။ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်၍ လူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေအောင် ဂရုတစိုက် ဆောင်ရွက်ပေးကြရန်လိုပါကြောင်း၊ လာဘ်ပေးလာဘ်ယူကင်းစင်ပြီး သန့်ရှင်းသည့် အထွေထွေအုပ်ချုပ်ရေးယန္တရားဖြစ်အောင် ဦးတည်ကြိုးပမ်းသည့်နေရာတွင် မိမိတို့အနေဖြင့် အဂတိလိုက်စားမှုများကို ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ပါကြောင်း။

နံပါတ်(၃)မှာ ပြုပြင်မှုပြောင်းလဲမည်ဆိုသည်ကို သိထားပြီးဖြစ်သည့်အတွက် အပြောင်းအလဲများကို ရှေးရှုပြီး ပြုပြင်သင့်သည်များ ရဲရဲတင်းတင်း ပြုပြင်ကြရန်၊ မည်သည့်ကဏ္ဍတွင်ပဲဖြစ်ဖြစ် ပြုပြင်ပြောင်းလဲမှုဆိုသည်မှာ တစ်ဦးချင်း၏ စိတ်ဓာတ်၊ ယုံကြည်မှု၊ ခံယူချက်များမှ စတင်သည့်အတွက် ပြုပြင်ပြောင်းလဲလိုစိတ် ခိုင်ခိုင်မာမာမွေးမြူကြရန် အလေးအနက်ထားတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၇**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **မိုး/ဇလ**

❋ ကျောဖုံးမှ

အဆင့်ထက် ပိုမိုမြင့်တက်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြမည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ponpipat Benyasri အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်တံဆိပ်အား ချီးမြှင့်အပ်နှင်းတပ်ဆင်ပေးသည်။

ယင်းဂုဏ်ထူးဆောင်တံဆိပ်မှာ ပြည်ပတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား ပထမဆုံးအကြိမ် ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်းဖြစ်ပြီး General Ponpipat Benyasri မှာ ပထမဆုံးချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်ဖြစ်သည်။ ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

# ရန်ကုန်စာအုပ်လမ်း စနေ-တနင်္ဂနွေ အစီအစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ကူညီပံ့ပိုးမှုဖြင့် စာအုပ်ဆိုင်ခန်း ၁၀၀ ခန့်ကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သိမ်ဖြူလမ်း၌ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ရန်ကုန်စာအုပ်လမ်း၏ အပတ်စဉ် အစီအစဉ်များအဖြစ် ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် စာရေးဆရာဟိန်းလတ်၏ စာပေစကားဝိုင်းအစီအစဉ်၊ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် Save the Library and Public Librarians Support Group တို့က ကျောင်းစာကြည့်တိုက်နှင့် ပြည်သူ့စာကြည့်တိုက် ၅၀ အတွက် Big Bad Wolf စာအုပ်ပွဲမှ အလှူခံရရှိသော စာအုပ်များအား တစ်သိန်းဖိုးစီလှူဒါန်းခြင်းနှင့် စာကြည့်တိုက်မှူးဆုချီးမြှင့်ခြင်း အစီအစဉ်၊ မွန်းလွဲ ၂ နာရီတွင် ရုပ်ရှင်သရုပ်ဆောင် စည်သူမောင် ပါဝင်ကူညီပြီး Quality Publishing House နှင့် ဆုပြည့်စုံထွန်းစာပေတို့မှ ထုတ်ဝေထားသော နာမည်ကြီးစာအုပ်ကောင်းများကို ထိုက်တန်စွာ လက်ဆောင်ပေးမည့် မေးကြည့်ဖြေကြည့် စာအုပ်ပဟေဠိ အစီအစဉ်အပြင် စာအုပ်လမ်းသို့ လာရောက်သည့် စာဖတ်သူများအား တစ်ယောက်လျှင် တစ်အုပ်နှုန်းဖြင့် စာအုပ်စတုဒိသာ အုပ်ရေ ၁၀၀၀ ကို စနေ၊ တနင်္ဂနွေ မွန်းတည့် ၁၂ နာရီနောက်ပိုင်းတွင် ပေးဝေမည့်အစီအစဉ်တို့ကို ပြုလုပ်ပေးသွားမည်ဖြစ်ပါသဖြင့် စာပေချစ်မြတ်နိုးသူများ လာရောက်လေ့လာဖြေဆိုဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်အစာဆိုင်ရာ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်သင်တန်းဖွင့်





**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ဦးစီး၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့က သက်ဆိုင်ရာပညာရှင်များ၏ ပံ့ပိုးမှုဖြင့် ဒုတိယအကြိမ်အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်အစာဆိုင်ရာ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် သင်တန်းကို ဖေဖော်ဝါရီ ၇ ရက်က တိုင်းရင်းဆေးပညာဦးစီးဌာန အမျိုးသားပရဆေးဥယျာဉ်(နေပြည်တော်)၌ ကျင်းပသည်။ အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားကာ ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီး / ပြည်နယ် ၁၁ ခု၊ ပုဂ္ဂလိက တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ၄၃ ခုမှ လုပ်ငန်းရှင်များနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ (ရန်ကုန်နှင့်မန္တလေး)နှင့် တိုင်းရင်းဆေးတက္ကသိုလ်မှ ဝန်ထမ်းများ စုစုပေါင်းသင်တန်းသား ၅၉ ဦး တက်ရောက်ကြသည်။ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၇ ရက်မှ ၁၂ ရက်အထိ ခြောက်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားတစ်ဦး ထိုင်းနိုင်ငံဥပဒေများနှင့်အညီ ဖြေရှင်းရန် ပျက်ကွက်မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားတစ်ဦးဖြစ်သူ ဦးရဲမင်း(ခ) ရဲမင်းကြည်အား ထိုင်းနိုင်ငံတွင် သက်တမ်းလွန်နေထိုင်မှုကြောင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနက ဖမ်းဆီးထိန်းသိမ်းထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ဖမ်းဆီး/ ထိန်းသိမ်းခံရသူ ဦးရဲမင်းအား ထိုင်းနိုင်ငံတွင် သက်တမ်းလွန်နေထိုင်မှုကြောင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနက ဖမ်းဆီးခဲ့ခြင်းဖြစ်သည့်အပြင် ထိုင်းနိုင်ငံ ဖစ်ပူရီတရားရုံး၊ စမုစခွန်တရားရုံး၊ စမုပကန်တရားရုံးတို့တွင် တရားစွဲဆိုခံထားရပြီး ယင်းအမှုများ ရင်ဆိုင်နေစဉ် ရုံးချိန်းလာရောက်ရန် ပျက်ကွက်ခြင်း၊ တရားရုံးခွင့်ပြုချက်မရှိဘဲ ဒေသကျော်လွန်ခရီးသွားလာခြင်းတို့ကိုလည်း ကျူးလွန်ထားကြောင်း သိရသည်။

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးအနေဖြင့် ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံသားများအရေး ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယခုဖမ်းဆီးခံရသူ ဦးရဲမင်း အမှုကိစ္စအတွက်လည်း ဖမ်းဆီးခံရချိန်မှစ၍ ၎င်း၏ ကိုယ်စားလှယ်များနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခြင်း၊ ၎င်းအား ဖမ်းဆီးထိန်းသိမ်းထားသည့် စခန်းသို့ သွားရောက်တွေ့ဆုံမေးမြန်းခြင်း၊ သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့် ဆက်သွယ်၍ ဥပဒေကြောင်းဆိုင်ရာ ဆောင်ရွက်ခြင်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး အမှုကိစ္စပြီးပြတ်ပါက မြန်မာနိုင်ငံဘက်သို့ နယ်စပ်မှတစ်ဆင့် လွှဲပြောင်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မဟုတ်မမှန်သတင်းထုတ်လွှင့်**

ထိုင်းနိုင်ငံအခြေစိုက် မြန်မာအလုပ်သမား ကူညီစောင့်ရှောက်ရေး မဟာမိတ်အဖွဲ့ (Aid Alliance Committee for Myanmar Workers-AAC) က ၎င်းတို့၏ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဦးရဲမင်း(ခ)ရဲမင်းကြည်အား ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနက ဖမ်းဆီးထိန်းသိမ်းခြင်းမှာ မြန်မာအလုပ်သမားသံအရာရှိရုံးက အကြောင်းကြားမှုကြောင့်ဖြစ်ကြောင်းနှင့် မြန်မာသံရုံးအနေဖြင့် ကူညီဆောင်ရွက်ပေးခြင်းမရှိကြောင်း အများပြည်သူက အထင်အမြင်လွဲမှားအောင် သတင်းလွှင့်ခြင်း၊ အထောက်အထားမဲ့ စွပ်စွဲပြောဆိုပြီး AAC ၏ အင်တာနက်စာမျက်နှာတွင် ရေးသားခြင်းများ ပြုလုပ်နေကြောင်း မြန်မာသံရုံး၏ ရှင်းလင်းတင်ပြချက်အရ သိရှိရသည်။

ထိုင်းနိုင်ငံ သတင်းအထူးတပ်ဖွဲ့(သံရုံးများအထူးတာဝန်)မှတစ်ဆင့် စုံစမ်းစိစစ်ချက်အရ ဦးရဲမင်းသည် ထိုင်းနိုင်ငံ၊ ဖစ်ပူရီတရားရုံးတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၈၃)၊ (၉၁)၊ (၁၁၄)၊ (၁၄၈) နှင့် အလုပ်သမားကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ (၄) တို့ဖြင့် လည်းကောင်း၊ စမုစခွန်တရားရုံးတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၈၃)၊ (၉၁)၊ (၃၄၁)၊ (၃၄၃) တို့ဖြင့် လည်းကောင်း၊ စမုပကန်တရားရုံးတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၂၈) ဖြင့် လည်းကောင်း ထိုင်းနိုင်ငံတွင် တရားစွဲဆိုခံထားရပြီး တရားရုံးအာမခံဖြင့် ယင်းအမှုများ ရင်ဆိုင်နေရစဉ် ရုံးချိန်းလာရောက်ရန် ပျက်ကွက်ခြင်း၊ တရားရုံးခွင့်ပြုချက်မရှိဘဲ ဒေသကျော်ခရီးသွားလာခဲ့ခြင်းတို့ကြောင့် အာမခံအခွင့်အရေး ချိုးဖောက်မှုဖြင့် ဆက်လက်တရားစွဲဆိုခံထားရခြင်းဖြစ်ကြောင်း သိရှိရသည်။

**ပြစ်မှုဆိုင်ရာ ဥပဒေများ**

ဦးရဲမင်းစွဲဆိုခံထားရသည့် အဆိုပါပြစ်မှုဆိုင်ရာဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေပညာရှင်များ၏ ဆွေးနွေးချက်အရ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၈၃) သည် လူနှစ်ဦးထက်ပိုသော လူများက ရန်းရင်းဆန်ခတ်ဖြစ်ပေါ်စေရန် လှုံ့ဆော်စည်းရုံး၍ မှုခင်းဖြစ်ပွားစေခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၉၁) သည် ပြစ်မှုများကို ဆက်တိုက်ဖြစ်ပေါ်စေရန်အတွက် လှုံ့ဆော်ပြုမူခြင်းဖြင့် ပြစ်ဒဏ်ထိုက်သော ပြစ်မှုများကို ကျူးလွန်စေခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၁၄) သည် လက်နက်ဖြင့် ပြင်ဆင်၍ ဘေးအန္တရာယ်ဖြစ်စေရန် စည်းရုံးပြီး ပူးပေါင်းကာ တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးစေခြင်း၊ အထက်ပါ အချက်အရာကို သိလျက်ဖြင့် ထိမ်ချန်ထားခြင်းတို့ဖြစ်ကြောင်း။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၁၄၈)သည် တာဝန်ဝတ္တရားထမ်းဆောင်သူများကို တာဝန်ဝတ္တရားထမ်းဆောင်ခြင်းမပြုနိုင်အောင် အဓမ္မဆန့်ကျင်ပြုမူဆောင်ရွက်ခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၂၉၅) သည် တစ်ပါးသူကို ကိုယ်၊ စိတ်၊ အန္တရာယ်ဖြစ်အောင် ပြုမူဆောင်ရွက်ခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၄၁)သည် လိမ်လည်လှည့်ဖြား၍ မသိနားမလည်သူများကို ပစ္စည်းကိုသော်လည်းကောင်း၊ ခန္ဓာကိုယ်ကိုသော်လည်းကောင်း ထိခိုက်စေရန်အတွက် ပြုမူဆောင်ရွက်ခြင်းဖြင့် ပြစ်မှုကျူးလွန်ခြင်းတို့ဖြစ်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၄၃) သည် အများပြည်သူများကို လိမ်လည်မှုပြုရာတွင် အမှန်ဖုံးကွယ်ထား၍ တစ်ဖက်သူမှ ယုံကြည်လောက်အောင် စည်းရုံးရာဇဝတ်မှုကို ကျူးလွန်ခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၂၈)သည် စာရွက်စာတမ်း အထောက်အထားများ၊ ဓာတ်ပုံများ ရေးဆွဲခြင်းများ၊ ဗီဒီယိုဖိုင်များစသည်တို့ကို အသုံးချပြီး တစ်ဖက်သူကို အကြည်ညိုပျက်စေရန် မလိုမုန်းထားဖြစ်အောင် ပြုမူဆောင်ရွက်ခြင်းနှင့် အလုပ်သမားကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ(၄)သည် တည်ငြိမ်စွာလုပ်ကိုင်ရှာဖွေ စားသောက်မှုအား ပျက်စီးစေခြင်းတို့ဖြစ်ကြောင်း အကြမ်းဖျင်းသိရှိရသည်။

ထို့ပြင် ဦးရဲမင်းသည် မြန်မာနိုင်ငံ သဃ်န်းကျွန်းမြို့နယ်နှင့် မြဝတီမြို့နယ် တရားရုံးတို့တွင် အမှုစွဲဆိုထားရှိရာတွင်လည်း ရင်ဆိုင်ဖြေရှင်းမှုမရှိဘဲ ရှောင်တိမ်းနေသဖြင့် ဖမ်းဝရမ်းထုတ်ပြန်ခြင်း ခံထားရသူဖြစ်ကြောင်း သိရသည်။

**တရားဝင်သံရုံးစာဖြင့် ပေးထားခြင်းမရှိ**

မြန်မာသံရုံးအနေဖြင့် ယင်းဖြစ်စဉ်ဖြစ်ပွားသည့်အချိန်အထိ မြန်မာနိုင်ငံမှ ထုတ်ထားသည့် ဖမ်းဝရမ်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထိုင်းနိုင်ငံဘက်သို့ တရားဝင်သံရုံးစာဖြင့် ပေးထားခြင်းမရှိသည့်အပြင် ဦးရဲမင်းအမှုတွဲတွင် အလုပ်သမားသံရုံးမှ ထုတ်ပေးထားသည်ဆိုသောစာအား Unregistered အဖြစ် ပြုလုပ်ထားပြီး ထိုင်းနိုင်ငံ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့များသို့ အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က အောက်တိုဘာလ ၂၂ ရက်နေ့ကတည်းက IDC ကိုသွားခဲ့တယ်။ ထိန်းသိမ်းခံရမှုနဲ့ ပတ်သက်ပြီး ကူညီနိုင်တာတွေအားလုံးကို ကူညီပေးခဲ့တာပါ။ သူ့ကို ထိန်းသိမ်းခံရတာနဲ့ ပတ်သက်ပြီးတော့လည်း ရှေ့နေတွေ၊ မိသားစုဝင်တွေကိုလည်း တွေ့ဆုံဆွေးနွေးတာတွေလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မြန်မာနိုင်ငံသား အလုပ်သမားတွေအားလုံးကို လိုအပ်တဲ့ကိစ္စတွေကို ဖြေရှင်းကူညီပေးနေတာပါ။ ဒါပေမယ့် သူတို့နိုင်ငံရဲ့ဥပဒေအရ တရားစွဲဆိုထားတဲ့ အမှုတွေရှိလာတဲ့အခါ အဲဒီနိုင်ငံရဲ့တည်ဆဲဥပဒေတွေနဲ့အညီ တရားရင်ဆိုင်ရမှာဖြစ်ပါတယ်"ဟု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာအလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးက ပြောကြားသည်။

**လက်ခံနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရမည်**

ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် လက်ခံနိုင်ငံ၏ ဥပဒေများကို လိုက်နာရမည်ဖြစ်ရာ ယင်းနိုင်ငံ၏ တရားရုံးများမှ ဥပဒေနှင့်အညီ ဆင့်ခေါ်သော တရားရုံးစာအား ဥပဒေနှင့်အညီ သွားရောက်ဖြေရှင်းရန် လိုအပ်ကြောင်းနှင့် ဦးရဲမင်း၏ အမှုကိစ္စအတွက်လည်း မြန်မာသံရုံး၊ ဗန်ကောက်မြို့မှတစ်ဆင့် ၎င်းအား ထိုင်းနိုင်ငံ၏ ဥပဒေဘောင်အတွင်းမှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရှိရသည်။

**သတင်းစဉ်**

# အကူအညီလိုအပ်နေသည့် နီပေါနိုင်ငံသူတစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ကူညီပေးနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နီပေါနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်မြို့ရှိ တည်းခိုခန်းတစ်ခုတွင် ရောက်ရှိတည်းခိုနေသော နီပေါနိုင်ငံသူတစ်ဦး အကူအညီလိုအပ်နေသောကြောင့် ရှာဖွေကယ်တင်ပေးရန် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ ဖေဖော်ဝါရီ ၅ ရက် ညနေ ၅ နာရီခွဲခန့်က ဆက်သွယ်အကူအညီတောင်းခံခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ သတင်းစုံစမ်းထောက်လှမ်းခဲ့ရာ နီပေါနိုင်ငံသူ အမျိုးသမီးအား ပုဇွန်တောင်မြို့နယ်အတွင်းရှိ တည်းခိုခန်းတစ်ခု၌ ည ၈ နာရီ ၄၅ မိနစ်တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ နီပေါနိုင်ငံသူ အမျိုးသမီးအား စစ်ဆေးမေးမြန်းရာ ၎င်းသည် လွန်ခဲ့သောတစ်လခန့်က ကူဝိတ်နိုင်ငံတွင် အိမ်ဖော်အလုပ် လုပ်ကိုင်နေသည့် အမျိုးသမီးတစ်ဦးနှင့် အဆက်အသွယ်ရရှိခဲ့ပြီး အိမ်ဖော်အလုပ် လုပ်ကိုင်ရန် စည်းရုံးခေါ်ဆောင်ခဲ့သဖြင့် သွားရောက်လုပ်ကိုင်ရန် နီပေါနိုင်ငံမှ ပွဲစားတစ်ဦးနှင့်ဆက်သွယ်ခဲ့ကြောင်း၊ ပွဲစားက ၎င်းအား နီပေါနိုင်ငံမှ အိန္ဒိယနိုင်ငံကိုဖြတ်၍ မြန်မာနိုင်ငံ တမူးမြို့သို့ ပို့ဆောင်ခဲ့ပြီး ထိုမှတစ်ဆင့် ဇန်နဝါရီ ၂၂ ရက်တွင် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ခဲ့ရာမှ ယခုတည်းခိုနေသည့် နေရာသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ တရားဝင် နိုင်ငံကူးလက်မှတ်ဖြင့် ရောက်ရှိခဲ့ခြင်း ဖြစ်သော်လည်း ခေါ်ဆောင်လာသူ ပွဲစားနှင့် ဖေဖော်ဝါရီ ၄ ရက်မှ စတင်ကာ အဆက်အသွယ်ပြတ် တောက်ခဲ့ပြီး နေရပ်သို့ပြန်လိုသောကြောင့် နီပေါနိုင်ငံရှိ အစ်ကိုဖြစ်သူထံ အကြောင်းကြားခဲ့ရာမှ အစ်ကိုဖြစ်သူက နီပေါနိုင်ငံရှိ မြန်မာသံရုံးသို့ ဆက်သွယ်အကူအညီတောင်းခံခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါနီပေါနိုင်ငံသူအမျိုးသမီးကို မြန်မာနိုင်ငံ ဂေါ်ရခါးအမျိုးသမီးရေးရာအဖွဲ့၏ အကူအညီဖြင့် စောင့်ရှောက်ထားရှိပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် နီပေါနိုင်ငံသံရုံးသို့ ဆက်သွယ်အပ်နှံသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**ရဲပြန်ကြား**

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့ ညနေပိုင်းက ဆေးတက္ကသိုလ် ဘောလုံးကွင်း၌ ကျင်းပခဲ့ပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ပထမနှစ်မှ ဆဋ္ဌမနှစ်အထိ ခြောက်သင်းဖြင့် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ပွဲစဉ်ဇယားရေးဆွဲကျင်းပခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးနှစ်အသင်းနှင့် တတိယနှစ်အသင်းတို့ ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကြရာ နောက်ဆုံးနှစ်အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အကောင်းဆုံးဘောလုံးသမားဆုနှင့် နေရာအလိုက် အကောင်းဆုံးဆုရသူများ ရွေးချယ်နိုင်မှုအပြင် ၎င်းဆေးတက္ကသိုလ်ဘောလုံးအသင်းအတွက်လည်း ပဏာမလက်ရွေးစင် ကစားသမားများ ရွေးချယ်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ အကောင်းဆုံးဂိုးသမားဆုကို နောက်ဆုံးနှစ်မှ မောင်ဇင်ဘိုဘို၊ အကောင်းဆုံး နောက်တန်းကစားသမားဆုကို နောက်ဆုံးနှစ်မှ မောင်သိန်းသန်းဝင်း၊ အကောင်းဆုံး အလယ်တန်းကစားသမားဆုကို တတိယနှစ်မှ မောင်လွတ်လပ်မောင်၊ အကောင်းဆုံး ရှေ့တန်းကစားသမားဆုကို တတိယနှစ်မှ မောင်စိုးမင်းဟိန်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုကို နောက်ဆုံးနှစ်မှ မောင်အာကာစိုးတို့ ရရှိခဲ့ကြသဖြင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်းနှင့် အနိုင်ရဗိုလ်စွဲခဲ့သော နောက်ဆုံးနှစ်ဘောလုံးအသင်းအား ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမာမာဝင်းက ဆုဖလားချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# အဲဗာတန်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် မန်စီးတီး အမှတ်ပေးဇယားထိပ်ဆုံး၌ ယာယီဦးဆောင်ခွင့်ရရှိခဲ့

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၂၆ အဖြစ် အဲဗာတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ယာယီတက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

မန်စီးတီးအသင်းက လီဗာပူးအသင်းထက် တစ်ပွဲပိုကစားထားတာဖြစ်ပြီး လီဗာပူးအသင်းက တစ်ပွဲလျော့အနေအထားမှာ ရမှတ်တူ ဂိုးကွာခြားချက်နဲ့ ဒုတိယနေရာမှာ ရပ်တည်နေခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမှတ်ပေးဇယားထိပ်ဆုံးကို ပြန်လည်ရောက်ရှိလာတာလည်း ဖြစ်ပါတယ်။

အဲဗာတန်အသင်းနဲ့ မန်စီးတီးအသင်းတို့ တွေ့ဆုံခဲ့တဲ့ပွဲစဉ်မှာ လာပေါ့တီက ပထမပိုင်းပွဲကစားချိန်အတွင်း မှာ သွင်းယူခဲ့တာဖြစ်ပြီး ဒုတိယပိုင်းပွဲပြီးခါနီးမှာ ဂျီးဆပ်က သွင်းယူခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းအတွက်တော့ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ် ၁၁ ပွဲမှာ ၁၀ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပြီး ပေးဂိုးငါးဂိုးပေးခဲ့ရကာ ရဂိုး ၃၉ ဂိုးအထိ ရှိခဲ့ပါတယ်။

**ငွေကြယ် - ရေးသားသည်**




# အေအေသောင်းကျန်းသူများက မူလတန်း ကျောင်းသား ကျောင်းသူများအပါအဝင် တိုင်းရင်းသား ၂၀၀ ခန့်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခေါ်ဆောင်သွား

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကင်းတလင်းကျေးရွာနှင့် ခမောင်းဝ ကျေးရွာတို့မှ မူလတန်း ကျောင်းသား ကျောင်းသူ ၃၈ ဦးအပါအဝင် ရခိုင်တိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသား စုစုပေါင်း ၂၀၀ ခန့်အား အေအေသောင်းကျန်းသူအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခေါ်ဆောင်သွားကြောင်း သတင်းရရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာသူများအား အစဉ်တစိုက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရှိရပြီး ယခုကဲ့သို့ တိုင်းရင်းသားများအား အေအေသောင်းကျန်းသူများက ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခေါ်ဆောင်သွားခြင်းသည် ချစ်ခင်ရင်းနှီးမှုရှိသည့် အိမ်နီးချင်းနှစ်နိုင်ငံအကြား နားလည်မှုလွဲမှားအောင် ဆောင်ရွက်ခြင်းဖြစ်နိုင်သည်ဟုလည်း သိရှိရသည်။

၂၀၇

# တိုက်ကြီးမြို့နယ်၌ တရားမဝင်သစ် ၄၅ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ တိုက်ကြီးမြို့နယ်အတွင်း၌ အခြားသား သစ်လုံး ၁၂၃ လုံးနှင့် အခြားသား ယောင်ခြမ်း ကိုးခြမ်း စုစုပေါင်း တရားမဝင်သစ် ၄၅ ဒသမ ၇၀၆၄ တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင် ဦးဆောင်သည့် ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းမှစတင်၍ တရားမဝင်သစ် ဖမ်းဆီးရေး ပိုက်စိပ်တိုက်ရှာဖွေရာ တိုက်ကြီးမြို့နယ် ရေအေးစမ်းဘိနယ်အတွင်း သဲဝါရွာ၏ အရှေ့ဘက်၊ ချင်းကုန်းရွာ၏ တောင်ဘက်၊ စဥ့်ကူးရွာ၏ မြောက်ဘက်နေရာများ၌ အဆိုပါ တရားမဝင်သစ်များကို သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်ပြီး တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနက သိမ်းဆည်းထားကြောင်း သိရသည်။

**မျိုးသူဟိန်း**

# မိုးမောက်မြို့နယ်၌ တရားမဝင်သစ်ကားနှစ်စီး သိမ်းဆည်းရမိ

**မိုးမောက် ဖေဖော်ဝါရီ ၇**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မိုင်းခတ်ကျေးရွာ အရှေ့ဘက်တောစပ်၌ တရားမဝင်သစ်များ သယ်ဆောင်နေကြောင်း သတင်းအရ ဖေဖော်ဝါရီ ၆ ရက် ည ၁၁ နာရီခွဲက မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ပြည့်ဖြိုးကျော်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရှာဖွေရာ တရားမဝင်သစ်များ တင်ဆောင်ထားသော 5A/---- ခြောက်ဘီးယာဉ်တစ်စီးနှင့် နံပါတ်မပါ တုန်ဟုန်းယာဉ်တစ်စီးအား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သစ်ကားနှစ်စီးပေါ်မှ ကျွန်းခွဲသား ဆိုဒ်စုံ ၃၈၅ ချောင်း (၁၂ ဒသမ ၆၅၉၀ တန်)ကို သိမ်းဆည်းခဲ့ပြီး မိုးမောက်မြို့နယ် သစ်တောဦးစီးဌာနရုံးဝင်း၌ သိမ်းဆည်းထားကြောင်း သိရသည်။

**မလန်လလွမ်**

# မြို့နယ်အချို့၌ မီးလောင်မှုများ ဖြစ်ပွား

## မြစ်ကြီးနား

မြစ်ကြီးနားမြို့ကြက်ပေါင်ခြံရပ်ကွက် ဂေါက်ကွင်းလမ်းတွင် ဓာတ်ဆီဘောက်ဆာယာဉ်ပေါ်မှ အခြားကားပေါ်သို့ ဓာတ်ဆီများရွှေ့ပြောင်းသယ်ယူစဉ် ဆီဂေါက်နှင့် ဆီပီပါထိခတ်ရာမှ မီးပွားထွက်ပြီး ယနေ့မွန်းလွဲ ၂ နာရီကျော်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ Nissan(အဖြူရောင်) ဂါလန် ၈၀၀၀ ဆံ့ ဆီဘောက်ဆာယာဉ်ပေါ်မှ ဒေါင်ဖန်းယာဉ်ပေါ်တွင် တင်ထားသော ဆီပီပါများအတွင်း ဟွန်ဒါစက်ဖြင့် ၉၂ ဓာတ်ဆီများ ပြောင်းယူစဉ် ဆီဂေါက်နှင့် ဆီပီပါ ထိခတ်ရာမှ မီးပွင့်ထွက်ပြီး မီးလောင်ကျွမ်းခဲ့ရာ အဆိုပါ ဒေါင်ဖန်းယာဉ်ပေါ်မှ ဆီပီပါ ခုနစ်လုံး၊ ကားတာယာ၊ ခေါင်းခန်းနှင့် ဟွန်ဒါမီးစက် အပါအဝင် ၎င်းယာဉ်ဘေးတွင် ရပ်ထားသော ဒေါင်ဖန်းနောက်တစ်စီးနှင့် Ringer အမျိုးအစား မော်တော်ယာဉ်တစ်စီးပါ ကူးစက်လောင်ကျွမ်းခဲ့သဖြင့် ယင်းသို့ ဆီသယ်ယူသည့် လုပ်ငန်းများ လုပ်ဆောင်သူအား မြစ်ကြီးနား အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **စိန်ဝင်း(မြန်/ဆက်)**

## ကော့သောင်း

ကော့သောင်းမြို့တွင် ပုဂ္ဂလိက ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတစ်ခုမှ လုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားပေးစက် အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှု ဖေဖော်ဝါရီ ၆ ရက် ညနေ ၆ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ညနေပိုင်းက ကော့သောင်းမြို့ အေးငြိမ်ရပ်ကွက် ခူဝံ(၄)လမ်းနှင့် မေတ္တာမြိုင်လမ်းထောင့်ရှိ ပုဂ္ဂလိက ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတစ်ခုမှ လုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားပေးဂျင်နရေတာစက်မောင်းနှင်၍ ရပ်ကွက်အတွင်းသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးနေစဉ် အင်ဂျင်စက်ဒိုင်နမိုမှ အပူလွန်ကဲကာ အင်ဂျင်စက်မှ မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## ချမ်းမြသာစည်

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက် ၆၀ × ၆၁လမ်းကြား၊ သဇင်လမ်းနှင့် ကံ့ကော်လမ်းကြားတွင် ယနေ့နံနက် ၆ နာရီ မိနစ် ၄၀ က မီးဖြတ်စက်အပူလွန်ကဲရာမှ အနီးရှိနေအိမ်ထရံကို မီးကူးစက်၍ နေအိမ်တစ်လုံးမီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ပေ(၂၀× ၆၀)ရှိ မြေစိုက်ထရံကာ၊ သွပ်မိုး တစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးပြီး လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်းသိရသည်။ မီးပေါ့ဆစွာ သုံးစွဲသူ ဦးခင်မောင်တင့်အား ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန်းဇော်မင်း(မြန်/ဆက်)**



# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဂ) ယင်းအရေးယူ ဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၈၁။ (က) အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဥပဒေနှင့်တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ ပုဒ်မ ၇၇၊ ပုဒ်မခွဲ(ခ)အရစွဲဆိုမှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီး တင်သွင်းလာမည့် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ဝင်ရောက်လာခြင်းကို တားဆီးခြင်းအပါအဝင် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုအတွက် တားမြစ်သည့် အမိန့်၊

(၂) (ကက) အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့်ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံသို့ လုံလောက်သော နစ်နာကြေးကို ပေးဆောင်စေရန်အတွက် ချမှတ်သည့် အမိန့် သို့မဟုတ် သင့်လျော်သော ကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ပေးစေရန်အမိန့်၊

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန် အမိန့်၊

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှုမရှိစေရန်အလို့ငှာ လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်စေခြင်းမရှိဘဲ အမှတ်တံဆိပ် ချိုးဖောက်သော ကုန်ပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်း ဈေးကွက်မှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန်ချမှတ်သည့် အမိန့်၊

(၄) အမှတ်တံဆိပ်ချိုးဖောက်သော ကုန်ပစ္စည်းများ ပြုလုပ်ရာတွင် အဓိကအသုံးပြုသော ပစ္စည်းကိရိယာ တန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်း ဈေးကွက်မှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန်ချမှတ်သည့်အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃)နှင့် (၄) တို့အရ အမိန့်တစ်ခုခုကို ချမှတ်ရန်စဉ်းစားရာတွင် အဆိုပါအမိန့်နှင့် အမှတ်တံဆိပ်ချိုးဖောက်မှုအတိုင်းအတာကို အချိုးညီစွာ ချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်ပြီး အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၈၂။ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင်ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် လျှောက်ထားခံရသူကို လျှောက်ထားသူက လျော်ကြေးပေးရမည့်အပြင် လျှောက်ထားခံရသူ၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၈၃။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သော ကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာအထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာ ဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့်ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏ အပြန်အလှန် စွပ်စွဲငြင်းဆိုသည့်အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်ကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာဟန့်တားလျှင်။

၈၄။ မူပိုင်ခွင့်တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်တွင် ငွေဒဏ်ချမှတ်ခဲ့ပါက ယင်းချမှတ်သော ငွေဒဏ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း နစ်နာကြေးအဖြစ် နစ်နာသူအားပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၈၅။ တရားစွဲဆိုရန် အကြောင်းတစ်ရပ်တည်းကိုအခြေပြု၍ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့် စွဲဆိုပါက မူပိုင်ခွင့်တရားရုံးသည် တရားမမှုတွင် ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးပေးစေရန် စီရင်ချက်၊ အမိန့်နှင့် ဒီကရီချမှတ်သည့်အခါ ပုဒ်မ ၈၄ အရချမှတ်သည့် ငွေဒဏ်မှ နစ်နာကြေးအဖြစ်ပေးခဲ့သော ငွေကြေးကို ခုနှိမ်ပေးရမည်။

၈၆။ မူပိုင်ခွင့်တရားရုံးသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပြဋ္ဌာန်း

**« « ယမန်နေ့မှအဆက်**

(တ) **အသေးစားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပဧရိယာ၌ သုံးဧကထက်မပိုသော လုပ်ကွက်အကျယ်အဝန်းအတွင်း ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများဖြင့် သတ်မှတ်ထားသော တူးဖော်မှုနည်းစနစ်နှင့် စက်ယန္တရားတို့ အသုံးပြု၍ နှစ်နှစ်အထိ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ထ) **လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ညှိနှိုင်းပြီး ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ်ရတနာနယ်မြေပြင်ပဧရိယာအတွင်း လက်လုပ်လက်စား လုပ်ကိုင်ခွင့်ပြုသည့် နယ်မြေဧရိယာတွင် တစ်ဧကထက်မပိုသော လုပ်ကွက်အကျယ်အဝန်းဖြင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော နိုင်ငံသားများ စည်းကမ်းနှင့်အညီ တစ်နှစ်အထိ ဝင်ရောက်လုပ်ကိုင်နိုင်သည့် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ဒ) **မြေအသုံးပြုခွင့်ပြုမိန့်**ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာ ယာယီအဆောက်အအုံ၊ ပစ္စည်းသိုလှောင်ရုံနှင့် တဲတန်းလျားများဆောက်လုပ်ရေးအတွက်လည်းကောင်း၊ ယာဉ်၊ စက်၊ ယန္တရား၊ ထုတ်လုပ်ပြီးကျောက်ရိုင်းများနှင့် ဖြုန်းများထားရှိရေးအတွက်လည်းကောင်း၊ မြေစာဆေးကြောရေး၊ ကျောက်ထုခွဲရေးနှင့် မြေစာပစ်ရေးတို့အတွက်လည်းကောင်း လုပ်ငန်းသုံးနေရာတစ်ခုခုကို သတ်မှတ်ထားသောကာလအတွင်း အသုံးပြုခွင့်အတွက် ထုတ်ပေးထားသော ခွင့်ပြုမိန့်ကိုဆိုသည်။

(ဓ) **အသင်းချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ကို ဆိုသည်။

(န) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(ပ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ကျောက်မျက်ရတနာ ကြီးကြပ်ရေးဗဟိုကော်မတီကို ဆိုသည်။

(ဖ) **တန်ဖိုးဖြတ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျောက်မျက်ရတနာ တန်ဖိုးဖြတ်အဖွဲ့ကို ဆိုသည်။

(ဗ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဘ) **လက်လုပ်လက်စား တူးဖော်ထုတ်လုပ်သူ** ဆိုသည်မှာ အဆိုပါ ထုတ်လုပ်ခွင့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော နိုင်ငံသားကိုဆိုသည်။

(မ) **ရတနာနယ်မြေ** ဆိုသည်မှာ ကျောက်မျက်ရတနာထွက်ရှိသည့် နယ်မြေကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ရတနာနယ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် ရာခိုင်နှုန်းပြည့် ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းများကို ခွင့်ပြုမိန့်နှင့် လိုင်စင်ရရှိသူများအား လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရန်၊

(ဂ) ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများကို အချိန်အခါမရွေး လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ကျောက်မျက်ရတနာဈေးများ ဖွင့်လှစ်ထားရှိရန်၊

(ဃ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ တရားမဝင်တူးဖော်ထုတ်လုပ်ခြင်းများ ပပျောက်စေပြီး ပြည်ပသို့ တရားမဝင် တင်ပို့ခြင်း၊ရောင်းချခြင်းများကို ကာကွယ်တားဆီးနှိမ်နင်းရန်နှင့် ပြည်ပမှ တရားမဝင်တင်သွင်းခြင်းများကို ထိန်းချုပ်ရန်၊

(င) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ဓာတ်ခွဲခန်းလုပ်ငန်း၊ သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊

(စ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရန်နှင့် ကျောက်မျက်ရတနာလုပ်ကွက်များ စနစ်တကျ ပိတ်သိမ်းပြီးနောက် မြေယာပြုပြင်ခြင်းနှင့် ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်။

(ဆက်လက်ဖော်ပြပါမည်)

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# မသန်စွမ်းသူများနှင့်ဥပဒေ



**မောင်စာဂ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ တစ်ကမ္ဘာလုံး၏လူဦးရေ ၁၅ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြပြီး မသန်စွမ်းသူ ၆၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်။ အရှေ့တောင်အာရှ အာဆီယံဒေသတွင်း နိုင်ငံများတွင် မသန်စွမ်းသူဦးရေ သန်းပေါင်း ၉၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် မသန်စွမ်းသူ ဦးရေ ၁ ဒသမ ၂ သန်းခန့်ရှိသည်။ ဤတွင် မသန်စွမ်းသူများ ဆိုသည်မှာ အဘယ်နည်း။ မသန်စွမ်းသူများအတွက် ဥပဒေက မည်သို့ပြဋ္ဌာန်းထားသနည်း။ အနှစ်ချုပ် မျှဝေပါရစေ။

### မသန်စွမ်းသူဆိုသည်မှာ

(၆၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးသည် မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များ ညီမျှစွာအပြည့်အဝရရှိရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်ရန်၊ သေချာစေရန်နှင့် မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစား မှုရှိစေရန် ရည်ရွယ်လျက် မသန်စွမ်းသူများ၏ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (United Nations Convention on the Right of Persons with Disabilities- UNCRPD) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် အတည်ပြုချမှတ်ခဲ့သည်။

အဆိုပါကွန်ဗင်းရှင်းအရ မသန်စွမ်းသူဆိုသည်မှာ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ်ပညာပိုင်း သို့မဟုတ် ခံစားမှုအာရုံပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရကာ အဆိုပါချို့ယွင်းအားနည်းချက်များကြောင့် အခြားသူများနည်းတူ လူ့အသိုင်းအဝိုင်းတွင် အပြည့်အဝထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးမျိုးသော အဟန့်အတားများကို တွေ့ကြုံခံစားနေကြရသူများဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ (က) တွင် နိုင်ငံတော်သည် အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ယင်းကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅) ခုနှစ်နှင့် မသန်စွမ်းသူများ၏အခွင့်အရေးနည်းဥပဒေများ (၂၀၁၇) တို့ကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည်။

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၂ (က) တွင် မသန်စွမ်းသူဆိုသည်မှာ မွေးရာပါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကို ဆိုသည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

### ရည်ရွယ်ချက်များ

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅) ကို ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက် ကိုးရပ်ကို ပြဋ္ဌာန်းထားသည်။ အနှစ်ချုပ်မှာ နိုင်ငံသားများခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူအားလုံး တန်းတူညီမျှအပြည့်အဝရရှိစေရန်၊ မသန်စွမ်းသူများ၏ဂုဏ်သိက္ခာ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန်၊ မသန်စွမ်းသူများ၏ လူနေမှုဘဝလုံခြုံစိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်၊ မသန်စွမ်းသူများအား နယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ လျော့နည်းပပျောက်စေရန်နှင့် ထိုသို့ခွဲခြားဆက်ဆံမှုများမပြုစေရေးအတွက် ဥပဒေအရကာကွယ်ပေးရန်၊ မသန်စွမ်းသူများကို နိုင်ထက်စီးနင်းအကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှုအမျိုးမျိုးအပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်ပေးရန်နှင့် မသန်စွမ်းသူ အမျိုးသမီးနှင့်ကလေးများကို အထူးကာကွယ်ပေးရန်၊ မိဘမဲ့၊ ခိုကိုးရာမဲ့နှင့် မသန်စွမ်းမှုတစ်ခုထက်ပို၍ ခံစားနေရသော မသန်စွမ်းသူများကို မသန်စွမ်းသူအမျိုးအစားအလိုက် နိုင်ငံတော်က အထူးကူညီစောင့်ရှောက်ပေးရန်တို့ဖြစ်သည်။

### မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုအစိုးရအဖွဲ့သည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများပြုလုပ်ရန် ၆၀ ဦးထက်မပိုသော မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းရန်ဖြစ်သည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဒုတိယသမ္မတတစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုဥက္ကဋ္ဌ (၁)၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌက ဒုဥက္ကဋ္ဌ (၂)အဖြစ် ဆောင်ရွက်သည်။ အဖွဲ့ဝင်များအဖြစ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ကိုယ်စားလှယ်များ၊ မသန်စွမ်းသူအမျိုးအစားအလိုက် ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများမှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များပါဝင်သည်။ အတွင်းရေးမှူးအဖြစ် ဒုတိယဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဆောင်ရွက်ပြီး တွဲဖက်အတွင်းရေးမှူးအဖြစ် အတွင်းရေးမှူး မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်က ဆောင်ရွက်သည်။

### မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ

မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ ဥပဒေ၏ အခန်း (၄) တွင် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှမှုရှိရေး၊ အခန်း (၅) တွင် မသန်စွမ်းသူများ၏ ပညာရေး၊ အခန်း (၆) တွင် မသန်စွမ်းသူများ၏ ကျန်းမာရေး၊ အခန်း (၇) တွင် မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေး၊ အခန်း (၈) တွင် မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ နယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ အခန်း (၉) တွင် မသန်စွမ်းသူများပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ အခန်း (၁၀) တွင် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့ကို ပြဋ္ဌာန်းထားသည်။

### မှတ်ပုံတင်လျှောက်ထားကြရမည်

ဥပဒေပါပြဋ္ဌာန်းချက်များအရ မသန်စွမ်းသူများသည် မိမိဆန္ဒအလျောက် မသန်စွမ်းသူအဖြစ် မှတ်ပုံတင်နိုင်ရန် သို့မဟုတ် မှတ်ပုံတင်ထားသည့် မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ရန်အတွက် မှတ်ပုံတင်ကြီးကြပ်ရေးမှူးထံသို့ လျှောက်ထားရမည်။ မှတ်ပုံတင်ကြီးကြပ်ရေးမှူးသည် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့ထံမှ ဆေးထောက်ခံချက်လက်မှတ်ရယူ၍ လက်မှတ်နှင့်အတူ လျှောက်ထားချက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြရသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် လျှောက်ထားချက်ကို စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုပါက လျှောက်ထားသူအား သက်သေခံလက်မှတ် ထုတ်ပေးရသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် လူမှုဝန်ထမ်းအရာရှိများသည် မှတ်ပုံတင်အရာရှိများ ဖြစ်ကြသည်။

### မှတ်ပုံတင်အရာရှိချုပ်က ဆောင်ရွက်ရန်ရှိသည်မှာ

မှတ်ပုံတင်အရာရှိချုပ်သည် မသန်စွမ်းသူအားလုံး ၎င်းတို့၏အခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် စာရင်းဇယားပြုစုခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ကြီးကြပ် ဆောင်ရွက်ရသည်။ မှတ်ပုံတင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရာ၌ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကာကွယ်နိုင်ရန် အပြည်ပြည်ဆိုင်ရာကလက်ခံထားသည့် စံနှုန်းများ၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရသည်။ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့က ဆေးစစ်ခြင်းတို့ကို အလွယ်တကူ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးရသည်။ မှတ်ပုံတင်ခြင်း၊ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့ထံတွင် ဆေးစစ်ဆေးမှုခံယူရန်ဆောင်ရွက်ပေးခြင်း၊ ဆေးစစ်ဆေးခြင်းနှင့် ဆေးထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးရသည်။ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိချုပ်ဖြစ်သည်။

### တားမြစ်ချက်များ

ဥပဒေပါ တားမြစ်ထားချက်များထဲမှ မှတ်သားသင့်သော အဓိကအချက်များမှာ မသန်စွမ်းသူတစ်ဦးဦးက ကျောင်းဝင်ခွင့်လျှောက်ထားချက်ကို ခိုင်လုံသောအကြောင်းမရှိဘဲ ငြင်းပယ်ခွင့်မပြုရပါ။ ကျောင်းဝင်ခွင့်ပြုထားသော မသန်စွမ်းသူတစ်ဦးဦးကို ခိုင်လုံသောအကြောင်းမရှိဘဲ ထုတ်ပယ်ခြင်း မပြုရပါ။ မည်သည့်အလုပ်ရှင်မျှ သင့်လျော်သောအလုပ်ကို လုပ်ကိုင်နိုင်စွမ်းရှိသော မသန်စွမ်းသူကို သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း အလုပ်ခန့်ထားရန် ပျက်ကွက်ခြင်း မရှိစေရပါ။ ထို့ပြင် အလုပ်ခန့်ထားသော မသန်စွမ်းသူကို ခိုင်လုံသောအကြောင်းမရှိဘဲ အလုပ်ရပ်စဲခြင်း၊ အလုပ်မှထုတ်ပယ်ခြင်း၊ ရာထူးချထားခြင်းနှင့် ပြောင်းရွှေ့တာဝန်ပေးခြင်း မပြုရပါ။ ထို့ပြင် မသန်စွမ်းသူများနှင့် မသန်စွမ်းသူများကို ကူညီဆောင်ရွက်ပေးသူများအား သတ်မှတ်ထားသော ဝေပုံကျနှုန်းထား အရေအတွက်အရ အလုပ်ခန့်ထားရေးအတွက် လူတွေ့စစ်ဆေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းတို့အတွက် ကုန်ကျစရိတ်ကို ယင်းတို့ထံမှ တောင်းယူခြင်းမပြုရပါ။ မည်သူမျှ မသန်စွမ်းသူများအား မသန်စွမ်းမှုကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ နှိမ့်ချခြင်းနှင့် နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ တလွဲအသုံးပြုခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ တလွဲအသုံးပြု၍ မည်သည့်အကြောင်းနှင့်မျှ ကိုယ်ကျိုးစီးပွားရှာခြင်းမပြုရပါ။

တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်သူများအား ကျူးလွန်သည့်တားမြစ်ချက်အရ သတ်မှတ် ထားသော ထောင်ဒဏ်ကိုဖြစ်စေ၊ ငွေဒဏ်ကိုဖြစ်စေ၊ ထောင်ဒဏ်နှင့်ငွေဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ပြစ်ဒဏ်စီရင်ခြင်း ခံရနိုင်ပါသည်။

### ခွန်အားတစ်ရပ်ဖြစ်ကြောင်းပါ

မသန်စွမ်းသူများသည် 'မသန်' သော်လည်း 'စွမ်း' ကြသူများဖြစ်သည်။ မသန်စွမ်းသူ အမျိုးအစားအလိုက် စွမ်းဆောင်နိုင်သည့် အရည်အချင်းတွေ ကိုယ်စီကိုယ်စီရှိကြသည်။ မသန်စွမ်းမှုကို အကြောင်းပြု၍ ၎င်းတို့အား ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ နှိမ့်ချခြင်း၊ နိုင်ထက်စီးနင်းပြုခြင်း၊ အကြမ်းဖက်ခြင်း၊ တလွဲအသုံးပြုခြင်း၊ အတင်းအဓမ္မခိုင်းစေခြင်းများ မပြုအပ်ကြပေ။ လူသားတစ်ဦး ဖြစ်သည်နှင့်အညီ မသန်စွမ်းသူများသည် အခြားသူများနည်းတူ လူ့အခွင့်အရေးများနှင့် အခြားလွတ်လပ်ခွင့်များကို အပြည့်အဝရရှိကြစေလိုသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသတွင်းဆိုင်ရာ မသန်စွမ်းသူများ၏ နိုင်ငံရေးနှင့် မဲပေးခွင့်ဆိုင်ရာအခွင့်အရေးများ တိုးမြှင့်လုပ်ဆောင်ရေး ဆွေးနွေးပွဲကို International Foundation for Electoral Systems (IFES) နှင့် မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ရေး အထွေထွေရွေးကောက်ပွဲ ကွန်ရက် Asean General Election Network For Disability Access (AGENDA) တို့ ပူးပေါင်းပြီး ၂၈-၁-၂၀၁၉ ရက်နေ့နှင့် ၂၉-၁-၂၀၁၉ ရက်နေ့များတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် နိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက "အမျိုးသားအဆင့်ကော်မတီ အနေနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရေရှည်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် မူဝါဒအစီအစဉ်များ၊ စီမံကိန်းများကိုချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့ဆွေးနွေးပွဲသည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အဓိကထားဆောင်ရွက်ခြင်းဖြင့် မသန်စွမ်းသူများအနေဖြင့် ၎င်းတို့ကြုံတွေ့နေရသည့် အတားအဆီးများကို ကျော်လွှားပြီး နိုင်ငံရေးနှင့် ရွေးကောက်ပွဲဖြစ်စဉ်များမှာ လက်လှမ်းမီ ပါဝင်ခွင့်ရရှိစေဖို့ အတွေ့အကြုံများဖလှယ်သည့် ဆွေးနွေးပွဲဖြစ်ကြောင်း" စသည်ဖြင့် အဖွင့်အမှာစကားများ ပြောကြားခဲ့ သည်ကို သတင်းများတွင် မြင်တွေ့ဖတ်ရှုရသည်။

**စာမျက်နှာ ၁၇ သို့» »**

## ကျား/မရေးရာ တာဝန်ခံယူမှုနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီက ဦးဆောင်၍ လူမှုဝန်ထမ်းဦးစီးဌာနနှင့် Gender Equality Network (GEN) တို့ ပူးပေါင်းကျင်းပသော ကျား/မရေးရာ တာဝန်ခံယူမှုနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ဟိုတယ်မန္တလေးရှိ စံပယ်ဖြူခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး အမျိုးသမီး ကော်မတီနာယက၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာယုယုမေက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးသက်မွေးအတတ်ပညာသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ခင်နီလာသန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ကျား/မရေးရာတန်းတူညီမျှရေးကွန်ရက်မှ ဦးဟန်ဝေဆက်က အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## တရားမဝင် ငွေလွှဲလုပ်ငန်းများကို လာမည့်နှစ်လအတွင်း တရားဝင်လုပ်ငန်းလိုင်စင်ထုတ်ပေးသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

**မြန်မာနိုင်ငံတွင် တရားမဝင်ငွေလွှဲလုပ်ငန်းများ (ဟွန်ဒီ)ကို လုပ်ကိုင်မှုများနေခြင်းကြောင့် လာမည့်နှစ်လအတွင်း တရားဝင်လုပ်ငန်းလိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းအတွက် Security Deposit ထားနိုင်ရန်လည်း စီစဉ်နေကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သိရသည်။**

အဆိုပါတရားမဝင် ငွေလွှဲလုပ်ငန်းများ (ဟွန်ဒီ)ကို လိုင်စင်ထုတ်ပေးရန်အတွက် သင်တန်းပေးခြင်း၊ လိုအပ်သော ကြီးကြပ်မှုများ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ပြီး တရားမဝင် ငွေလွှဲလုပ်ငန်းများနှင့်ပတ်သက်၍ အစီအစဉ်တစ်ရပ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ရေးဆွဲခဲ့ပြီး ဆက်လက်၍ အတည်ပြုချက်ရယူကာ လိုင်စင်ထုတ်ပေးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က "ဘဏ်လုပ်ငန်း စနစ်ကနေ တရားဝင်သွားတဲ့သူတွေက နည်းသေးတယ်။ ဘဏ်ရဲ့ပြင်ပကနေ သွားနေတဲ့သူတွေက တော်တော်လေးများနေတယ်။ နိုင်ငံတကာအမြင်မှာ ဘဏ်လုပ်ငန်းပြင်ပမှာ စီးဆင်းနေတဲ့ ငွေတွေက ထိန်းချုပ်မှုမရှိဘူးဆိုတဲ့ အမြင်ကိုဖြစ်စေတယ်။ ဘယ်သူက ထိန်းချုပ်နေတာလဲ။ ဘာတွေဘယ်လိုဖြစ်နေလဲ။ ဘဏ်လုပ်ငန်းပြင်ပကနေ စီးဆင်းနေတဲ့ ငွေတွေက အထူးသဖြင့် ဟွန်ဒီပေါ့နော်။ အဲ့ဒါက Export/Import လုပ်ငန်းတွေအရ ငွေလွှဲပို့နေတဲ့သူတွေဖြစ်ပါတယ်။ သူက ဒေါ်လာတစ်ထောင် ရောင်းလို့ရရင် ဒေါ်လာတစ်ထောင်ရတယ်။ဒါပေမယ့် ကျွန်တော်တို့ဆီမှာ ဒေါ်လာသုံးရာပဲပြတယ်။ ကျန်တဲ့ပိုက်ဆံကို သက်ဆိုင်ရာနိုင်ငံက ဘဏ်တွေမှာထားတယ်။ လိုအပ်တဲ့အခါမှ ထုတ်ကြတယ်။ တစ်ခါတလေကျတော့လည်း သွင်းကုန်လုပ်ငန်းက ဒေါ်လာ ၃၀၀၀၀ လောက်တန်ရင် ဒေါ်လာတစ်သောင်းလောက်ပြကြတယ်။ တစ်သောင်းလောက်ပဲ ပြတော့ အကောက်ခွန်သက်သာသွားမယ်။ ပြီးရင် ကျန်တဲ့နှစ်သောင်းကို မြန်မာငွေနဲ့ ပြန်လွှဲတယ်။ ဒီလိုမျိုးတွေ အများကြီးပဲ" ဟု ပြောသည်။

တရားမဝင်ငွေလွှဲလုပ်ငန်းများနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ဖြင့် ညှိနှိုင်းသလို အကောက်ခွန်ဦးစီးဌာနနှင့်လည်း တိုင်ပင်၍ အဖွဲ့စည်းတစ်ခု ဖွဲ့စည်းထားပြီး ယင်းတရားမဝင် ငွေလွှဲလုပ်ငန်းများကို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် တရားမဝင် ငွေလွှဲလုပ်ကိုင်မှုကို မည်မျှအထိ ပြင်းပြင်းထန်ထန် အရေးယူသွားမည်ကိုလည်း ကုန်သွယ်ရေးဦးစီးဌာနနှင့် ညှိနှိုင်းနေပြီး ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများမှ နိုင်ငံခြားငွေများကို ပြည်တွင်းသို့စနစ်တကျ စီးဝင်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း စတင်ခဲ့သော အကောက်ခွန်ရှင်းလင်းရေးစနစ်တွင် ပြုပြင်မှုအနည်းငယ် ပြုလုပ်သွားရမည်ဖြစ်ကြောင်း သိရသည်။

"ဒါကြောင့် ဟွန်ဒီလုပ်ငန်းတွေကို လိုင်စင်ထုတ်ပေးဖို့ စီစဉ်နေပါတယ်။ ဒါပေမယ့် ဟွန်ဒီလုပ်ငန်းဆိုတာ လိုင်စင်ထုတ်ပေးလို့လည်း အကုန်ပျောက်မသွားပါဘူး။ ဟွန်ဒီလိုင်စင်ထုတ်ပေးသွားဖို့ စည်းမျဉ်းပြင်ဆင်ပြီးသွားပါပြီ။ အဓိကသတိထားရမယ့်အချက်က ဟွန်ဒီလိုင်စင်ထုတ်ပေးမယ့်အချိန်မှာ ဘယ်မြို့နယ် ဘယ်နေရာမှာ ပိုက်ဆံတွေစုပြီးတော့ ထွက်ပြေးသွားတယ်ဆိုတာမျိုး မဖြစ်ရအောင် သူတို့ကို security deposit ထားဖို့ စီစဉ်ထားတယ်။ အဲ့ဒီ security deposit ဆိုတာကလည်း သူ့ရဲ့လည်ပတ်နေတဲ့ လုပ်ငန်းနဲ့ ကိုက်ညီမှုပါ။ သိန်းငါးရာလောက် နေ့စဉ်လည်ပတ်နေတဲ့သူက သိန်းငါးရာလောက်ပဲ security deposit ထားရင်တော့ မထိရောက်ဖူး ဖြစ်သွားမယ်။ သူတို့ရဲ့လည် ပတ်နေတဲ့ငွေကို နေ့စဉ်နဲ့အမျှ ကျွန်တော်တို့ဆီကို သတင်းပို့ပါ။ ကျွန်တော်တို့က လိုအပ်တာနဲ့အမျှ သူတို့ရဲ့ security deposit ကို တိုးမြှင့်သွားဖို့ အစီအစဉ်လုပ်ထားပါတယ်" ဟု မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ပြောသည်။

တရားဝင်ငွေလွှဲလုပ်ငန်းကိုအဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်ကြေးကို ဈေးကြီးစွာဖြင့် ကောက်ခံသွားမည်ဖြစ်မဟုတ်ဘဲ စည်းကမ်းချိုးဖောက်မှသာလျှင် ဒဏ်ကြေးကြီးစွာရိုက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် နိုင်ငံသားတစ်ယောက်ကို တစ်ပတ်လျှင် ဒေါ်လာ ၁၀၀၀၀ အထိသာ တရားဝင်ငွေလွှဲခွင့်ပြုထားခြင်းဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးကော်မတီသို့ ငွေလွှဲလုပ်ငန်းနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ အစီရင်ခံစာများကို ပေးပို့သွားရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းလိုင်စင် ထုတ်ပေးထားသည့် နိုင်ငံပိုင်ဘဏ်သုံးဘဏ်၊ ပြည်တွင်း ပုဂ္ဂလိကဘဏ် ၁၉ ဘဏ်၊ နိုင်ငံခြားဘဏ်များ၏ ဘဏ်ခွဲ ၁၃ ဘဏ်၊ စုစုပေါင်း ၃၅ ဘဏ်ကိုသာ ပြည်ပသို့ ငွေလွှဲလုပ်ခွင့်ရရှိထားခြင်းဖြစ်ပြီး ပြည်တွင်းဘဏ် ၁၉ ခုအနက် ဘဏ် ၁၃ ခုသည် Western Union၊ Money Gram နှင့် True Money အစရှိသော နိုင်ငံတကာ ငွေလွှဲလုပ်ငန်းများနှင့် ပူးပေါင်း၍ ငွေလွှဲဝန်ဆောင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**အေးယမုံ**




ဖေဖော်ဝါရီ ၇ ရက်က မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့နာယက ဦးကျော်မြင့်သန်း(လမ်းမတော်) ကွယ်လွန်ခြင်းအတွက် အဖွဲ့နာယက ဦးမျိုးမြင့်၊ ဦးသန်းမောင်နှင့်အဖွဲ့က ယင်းနေ့ ညနေ ၄ နာရီတွင် ကွယ်လွန်သူ၏ နေအိမ်သို့သွားရောက်၍ မိသားစုများထံ ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ ပေးအပ်စဉ်။ **တင်ဝင်းတင်**

## Ooredoo မြန်မာမှ လှူဒါန်းသည့် ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၇**

Ooredoo မြန်မာမှလှူဒါန်းသည့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်နှင့် အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီခွဲက မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအုပ်စု နယ်မြေ(၂) ရှိ အဆိုပါ အဆောက်အအုံသစ်ရှေ့ရှိ ယာယီမဏ္ဍပ်တွင် ကျင်းပသည်။

ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက အဖွင့်အမှာစကားပြောကြားပြီး Ooredoo မြန်မာမှ legal and goverment officer ဒေါ်ဝေဝေမာက ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတွင် Ooredoo မြန်မာမှ ကျေးလက်ကျန်းမာရေး အဆောက်အအုံ ၂၁ ခု လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အကြို ပြိုင်ပွဲကျင်းပ



**တောင်သာ**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ကလေးစာဖတ်ခန်း၌ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက မိခင်နှင့်ကလေးမူလတန်းကြိုကျောင်းမှ ကလေးငယ်များ ပုံပြောပြိုင်ပွဲကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မိခင်နှင့်ကလေးမူလတန်းကြိုကျောင်းမှ ကလေးသူငယ် ၅၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကလေးငယ်များကို ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

**ကျိုက်ဒုံ**

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက ကျိုက်ဒုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

မြို့မမူလတန်းကြိုကျောင်းသား ကျောင်းသူ ၇၅ ဦးတို့က မယ်ခရွေးနှင့်ကိုဝလုံးကဗျာ၊ ဖိုးရွှေလကဗျာ၊ ဂုဏ်ပြုကြစို့ စသည့် ကဗျာများဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဆရာ ဆရာမများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းနိုင်(ပြန်/ဆက်)**

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာစည်းဝေး

**အိမ်မဲ ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အိမ်မဲမြို့နယ်တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်း၊ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နီနီဝင်းနှင့် ဦးစီးအရာရှိ ဒေါ်ဝင်းသိင်္ဂီမင်းတို့က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကော်မတီဝင်များက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကိစ္စရပ်များအား အသီးသီးဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## မသန်စွမ်းသူများနှင့် ဥပဒေ

စာမျက်နှာ ၁၆ မှ

ထိုနည်းတူ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေး၊ အိမ်အခြေပြု မှိုစိုက်ပျိုးရေးစီမံချက် မိတ်ဆက်အခမ်းအနားကို ၃၀-၁-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ပြီး "မသန်စွမ်းသူများ၏ အခွင့်အရေးဖော်ဆောင်ရေးနှင့် ကာကွယ်ပေးနိုင်သော ဥပဒေများကို ပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးမှုသည် ပိုမိုပီပြင်ကာ မျှော်မှန်းထားသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း" စသည်ဖြင့် ပြောကြားခဲ့သည်ကို သတင်းများတွင် ကြားသိဖတ်ရှုရသည်။

မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းလျက် မသန်စွမ်းသူများ၏အခွင့်အရေးများ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်မှာ မသန်စွမ်းသူများအတွက် အားတက်ဂုဏ်ယူစရာခွန်အားတစ်ရပ်ဖြစ်ကြောင်းပါ။

- နိုင်ငံသားများခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူအားလုံး တန်းတူညီမျှ အပြည့်အဝရရှိနိုင်ကြပါစေ၊
- မသန်စွမ်းသူများ၏ လူနေမှုဘဝ လုံခြုံစိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မြင့်မားလာကြပါစေ၊
- ဥပဒေပါပြဋ္ဌာန်းချက်များ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြပါစေ။

**၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ**

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ '(၂၁) ရာစုပင်လုံ' မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး 'စည်းလုံးညီညွတ်စွာ' ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။




# နိုင်ငံသားတိုင်း ကိုယ်စီလက်ကိုင်ထားရမည့် ပြည်ထောင်စုစိတ်ဓာတ်

သန်းဖြိုးနိုင်(ကညင်ကျိုး)

ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ကျွန်ုပ်တို့နိုင်ငံ၏ ပြည်ထောင်စုနေ့ဖြစ်သည်။ ထိုနေ့သည် အခြားနေ့များနှင့် မတူ။ ဘာသာတစ်ခု၊ လူမျိုးတစ်စုကို ကိုယ်စားမပြုဘဲ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသောနေ့ဖြစ်သည်။ ထိုနေ့ပေါ်ပေါက်လာပုံကို ပြန်ကြည့်ပါကလည်း ထိုနေ့သည် တိုင်းရင်းသားအားလုံး လွတ်လပ်ရေးအတွက် ညီညီညာညာဖြင့် ပေါင်းစည်းခဲ့ကြပြီး ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည့်နေ့လည်း ဖြစ်သည်။

တစ်ဖက်ကကြည့်လျှင်လည်း ယနေ့အချိန်တွင် ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ပေါက်ဖြစ်ထွန်းရန် ကြိုးပမ်းနေချိန် ဖြစ်သည်။ ထိုသို့ ဖြစ်ထွန်းပေါ်ပေါက်လာရန်အတွက် ပထမဦးစွာ တိုင်းရင်းသားလက်နက်ကိုင်များအားလုံးက တစ်စိတ်တစ်ဝမ်းတည်းထားပြီး တပ်မတော်နှင့် အပစ်အခတ်ရပ်စဲကြကာ ငြိမ်းချမ်းနေမှုဖြစ်မည်။ ထိုသို့ ငြိမ်းချမ်းပြီး ပေါင်းစုစည်းရုံးပြီးမှသာ မိမိတို့တိုင်းရင်းသားများ ဒေသကိုယ်စီအလိုက် ဖြစ်လိုသည့် နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စအဝဝအတွက် တိုင်ပင်ဆွေးနွေးညှိနှိုင်းကြပြီးချိန်တွင်မှ ဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်၍ရမည်မှာလည်း အမှန်တရားတစ်ခုဖြစ်သည်။

**ခရီးအတော်ပေါက်လာ**

ယနေ့လက်ရှိအချိန်တွင် ထိုသို့ လျှောက်လှမ်းရန်အတွက် တိုင်းရင်းသားများ အချင်းချင်းစေ့စပ်ဆွေးနွေးညှိနှိုင်းအဖြေရှာလာနေသည်မှာလည်း အတိုင်းအတာတစ်ခုအထိ အတော်ခရီးပေါက်လာပြီဟု ဆို၍ရသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးများကို ကျင်းပနိုင်ခဲ့ပြီး အချို့သောအချက်အတော်များများကို ပြည်ထောင်စုသဘောတူညီချက် အစိတ်အပိုင်းများအဖြစ်ရရှိကာ ပြည်ထောင်စုလွှတ်တော်အတွင်း ပြည်သူများ၏ ကိုယ်စားလှယ်များက အတည်ပြု မှတ်တမ်းတင်ထားရှိပြီးလည်း ဖြစ်သည်။ ယခု ၂၀၁၉ ခုနှစ်အတွင်းတွင်လည်း အစည်းအဝေးများ ကျင်းပကာ ပြည်ထောင်စုသဘောတူညီချက်များ ရရှိလာနိုင်တော့မည်လည်း ဖြစ်သည်။

**လက်ကမ်းကြိုဆို**

ထိုနည်းတူ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်အစိုးရက ဦးဆောင်ကျင်းပနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အထမြောက်ပြီး ရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အမြန်ပေါ်ပေါက်ရေးအတွက် ကနဦးလုပ်ငန်းစဉ်တွင် ပါဝင်သည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးရရှိရေးအတွက် လွန်ခဲ့သည့်လမှစ၍ တိုင်းစစ်ဌာနချုပ်လေးနေရာတွင် အပစ်အခတ်များရပ်စဲထားကြောင်း ကြေညာထားခဲ့သည်ကိုလည်း တွေ့ရသည်။ ထိုမှဆက်၍ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပွဲများ ဆက်လက်ကျင်းပဆောင်ရွက်ရန် လက်ကမ်းကြိုဆိုထားသည်ကိုလည်း မြင်ရပြန်သည်။

**တစ်စိတ်တစ်ဝမ်းတည်း ရှိရန်လို**

ထိုသို့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အထမြောက်အောင်မြင်ပြီး ကိုယ်စီလျှောက်လှမ်းချင်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရန်မှာလည်း ၁၃၅ မျိုးသော တိုင်းရင်းသားအားလုံးက တစ်စိတ်တစ်ဝမ်းတည်းဆန္ဒရှိကြရန်လိုသည်။ သို့မှသာ လိုရာခရီးကို လျင်လျင်မြန်မြန်၊ ချောချောမွေ့မွေ့ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ တိုင်းရင်းသားများ အချင်းချင်းကြားရှိသည့် မတူကွဲပြားမှုများကို ပေါင်းစပ်ပြီး ညီညီညွတ်ညွတ် ဝိုင်းဝန်းပေါင်းစု တည်ဆောက်မှသာ ကျွန်ုပ်တို့နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနည်းတူ ပြည်မ၊ တောင်တန်းဒေသ မကွဲပြားဘဲ တန်းတူဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာမည်လည်း ဖြစ်သည်။ ထိုသို့ ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျှင် တိုင်းရင်းသားဒေသများသည် ငြိမ်းချမ်းနေရန် အထူးလိုအပ်သည်။

> **တိုင်းရင်းသားများ အချင်းချင်းကြားရှိသည့် မတူကွဲပြားမှုများကို ပေါင်းစပ်ပြီး ညီညီညွတ်ညွတ် ဝိုင်းဝန်းပေါင်းစု တည်ဆောက်မှသာ ကျွန်ုပ်တို့နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနည်းတူ ပြည်မ၊ တောင်တန်းဒေသ မကွဲပြားဘဲ တန်းတူဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာမည်လည်း ဖြစ်သည်။**

တိုင်းရင်းသားများပေါင်းစုပြီး ဆောင်ရွက်နိုင်ကြရန် ကျွန်ုပ်တို့အနေဖြင့် အတုယူစရာ အိမ်နီးချင်းနိုင်ငံကြီး တစ်ခုဖြစ်သည့်၊ မတူကွဲပြားမှုများကို ညီညွတ်စွာ ပေါင်းစပ်စုစည်းထားသော ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံကြီးရှိသည်။ အိန္ဒိယနိုင်ငံအကြောင်းကို လေ့လာမိသမျှ မျှဝေပေးလိုပါသည်။ ၎င်းတို့၏ အားသာချက်များကို အတုယူ၊ နမူနာယူနိုင်ကြရန် ဖြစ်ပါသည်။

**လူမျိုးပေါင်း ၂၀၀၀ ကျော်၊ ဘာသာစကားပေါင်း ၁၀၀၀ ကျော်ရှိသည့် နိုင်ငံကြီး**

အိန္ဒိယနိုင်ငံသည် ကိုလိုနီလက်အောက်ကို ကျွန်ုပ်တို့နှင့် မရှေးမနှောင်းကျရောက်ခဲ့ပြီး လွတ်လပ်ရေးရသည့် အချိန်သည်လည်း သိပ်မကွာသည့် နိုင်ငံတစ်ခုဖြစ်သည်။ လူဦးရေ သန်းပေါင်း ၁၃၃၀ကျော်ရှိပြီး ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံများကဲ့သို့ လူမျိုးတစ်မျိုးတည်းနေထိုင်ပြီး ယဉ်ကျေးမှုတစ်ခုတည်းရှိသည့် နိုင်ငံမျိုးမဟုတ်ပေ။ အိန္ဒိယနိုင်ငံတွင် လူမျိုးပေါင်း ၂၀၀၀ ကျော်ရှိပြီး ပြောဆိုသုံးစွဲသည့် ဘာသာစကားပေါင်းမှာလည်း ၁၀၀၀ ခန့်ရှိသည်။

အိန္ဒိယလူဦးရေ သန်း ၁၃၀၀ ကျော်တွင် ဟင်ဒီဘာသာစကားပြောသူ ၄၂၂ သန်း၊ ဘင်္ဂါလီဘာသာစကားပြောသူ ၈၄ သန်း၊ တလကူဘာသာစကားပြောသူ ၇၄ သန်း၊ မာရသီဘာသာစကားပြောသူ ၇၁ သန်း၊ တမီးဘာသာစကားပြောသူ ၆၁ သန်း၊ အူရဒူဘာသာစကားပြောသူ ၅၁ သန်း၊ ဂူဂျာရတီဘာသာစကားပြောသူ ၄၆ သန်း၊ အာသံဒေသန္တရဘာသာစကားပြောသူ ၁၃ သန်းနှင့် ကျန်သောသူများမှာ အခြားဘာသာစကား သုံးစွဲသူများ ဖြစ်သည်။ နေရာဒေသအလိုက် အများဆုံးပြောဆိုသုံးစွဲသည့် ဘာသာစကားများလည်း ရှိနေသေးသည်။ ဘာသာစကားများတွင် ဟင်ဒီနှင့် အင်္ဂလိပ်စကားကို တရားဝင်ရုံးသုံးသတ်မှတ်ထားပြီး ဘာသာစကားများ ကွာခြားရုံမက ယဉ်ကျေးမှု၊ သမိုင်းနောက်ခံ၊ စာပေနှင့် ကိုးကွယ်ယုံကြည်မှုများလည်း မတူညီကြပေ။

**ကိုးကွယ်ယုံကြည်မှုများ ကွဲပြားကြ**

ကိုးကွယ်ယုံကြည်မှုအနေဖြင့် ဟိန္ဒူဘာသာဝင် သန်း ၁၀၄၀၊ အစ္စလာမ်ဘာသာဝင် ၁၇၅ သန်းနှင့် အခြားဘာသာဝင်များဖြစ်သည့် ဆစ်ဘာသာ၊ ဂျိန်းဘာသာ၊ ဗုဒ္ဓဘာသာ၊ ဇိုရိုအက်စတာဘာသာဝင်များလည်း ရှိသည်ကို တွေ့ရသည်။

**ကျင့်သုံးသည့်နိုင်ငံရေး၊ ဥပဒေပြုရေးစနစ်**

ယနေ့ အိန္ဒိယနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်သည် ဗဟိုချုပ်ကိုင်မှုအလေးသာသည့် ပြည်ထောင်စုစနစ်မျိုးဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအနေဖြင့် Federal ဟု ဆိုသော်ငြား လက်တွေ့တွင်မူ Union ပိုဆန်သည်ကို တွေ့ရသည်။ ပြည်နယ်အားလုံးအနေဖြင့် ပြည်ထောင်စုအစိုးရ၏ ဥပဒေကို လိုက်နာကြခြင်း၊ ပြည်နယ် ပါလီမန်များတွင် ဥပဒေပြဋ္ဌာန်းနိုင်သော်ငြားလည်း ပြည်ထောင်စု၏ ဥပဒေကို ဆန့်ကျင်၍ မပြုကြခြင်း၊ အခွန်ကောက်ခံခြင်း၊ နိုင်ငံတကာဆက်ဆံရေးကိစ္စဆောင်ရွက်ခြင်း၊ ကာကွယ်ရေးနှင့် နယ်စပ်ရေးရာကိစ္စများကိုမူ ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်အောက်တွင်ပင် ထားရှိခြင်း၊ ပြည်ထောင်စုတစ်ခုလုံးနှင့် သက်ဆိုင်သည့် ဥပမာ ဆည်တည်ဆောက်ခြင်း၊ မီးရထားလမ်းဖောက်လုပ်ခြင်းများကို ပြည်ထောင်စုအစိုးရ၏ ဆုံးဖြတ်ချက်များဖြင့်သာ ဆောင်ရွက်ကြသည်ကို တွေ့ရသည်။ သို့သော်လည်း သက်ဆိုင်သည့် ပြည်နယ်များ၏ သဘောထားများရယူခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဒေသအစိုးရနှင့် ဒေသခံများက ကျေနပ်မှုမရှိပါက ပြည်ထောင်စုအစိုးရကို တရားစွဲဆိုစေခြင်းများ ရှိသည်။

**အာဏာခွဲဝေမှုစနစ်**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်များ၏ အုပ်ချုပ်မှုအာဏာကို ပြည်နယ်ဘုရင်ခံအား အပ်နှင်းထားပြီး ဘုရင်ခံကို ပြည်ထောင်စုသမ္မတက ရွေးချယ်ကာ တိုက်ရိုက်ခန့်အပ်ခြင်း၊ ပြည်နယ်ဘုရင်ခံ၏ လုပ်ပိုင်ခွင့်မှာ သမ္မတနှင့် လုပ်ပိုင်ခွင့်တူခြင်း၊ ထိုသူများမှာ အများအားဖြင့် ပြည်နယ် ပြင်ပမှ (ပြည်နယ်နိုင်ငံရေးလောကနှင့် ကင်းရှင်းသူ) သူများသာ ဖြစ်လေ့ရှိခြင်း၊ သို့သော် ပြည်နယ်များတွင် စီမံခန့်ခွဲရေးအာဏာ အမှန်တကယ်ရှိသူမှာ ပြည်နယ်ဝန်ကြီးချုပ်သာ ဖြစ်ခြင်းနှင့် ထိုပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကို ဘုရင်ခံက ဖွဲ့စည်းပုံဥပဒေနှင့်အညီ ရွေးချယ်ခန့်အပ်ရခြင်းများကို တွေ့ရသည်။

**တရားဥပဒေစိုးမိုးရေး**

ဖွဲ့စည်းပုံဥပဒေအရ တရားဥပဒေစိုးမိုးရေးနှင့် ပြည်ထဲရေးရာကိစ္စများအတွက် လုပ်ပိုင်ခွင့်အာဏာကို ပြည်နယ်အစိုးရများသို့ အပြည့်အဝ အာဏာအပ်နှင်းထားခြင်း၊ ပြည်နယ်အစိုးရမှ ပြည်နယ်ရဲတပ်ဖွဲ့ကို ကိုင်တွယ်ဆောင်ရွက်နိုင်ခွင့် ရှိခြင်း၊ သို့သော် အထူးစုံစမ်းစစ်ဆေးရေးရဲတပ်ဖွဲ့မှာမူ ဗဟိုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင်သာ ထားရှိခြင်း၊ တရားစီရင်ရေးအတွက်မူ ပြည်နယ်တရားလွှတ်တော်သည် ပြည်နယ်တွင် အမြင့်ဆုံးဖြစ်သည်ကို တွေ့ရသည်။ အိန္ဒိယနိုင်ငံတွင်မူ တပ်မတော်တစ်ခုတည်းရှိပြီး ပြည်နယ်များကို ပြည်မအတွင်းမှ ခွဲထွက်ခွင့်မပေးထားသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြည့်အဝပေးထားသည့် ပြည်နယ်လည်း မရှိသည်ကို လေ့လာမိရသည်။

**ကွဲပြားမှုများစွာထဲက ပဋိပက္ခနည်းအောင်ရှာ ပေါင်းစုကာတည်ဆောက်**

ကျွန်ုပ်တို့နိုင်ငံအတွင်းမှ တိုင်းရင်းသားများအနေဖြင့်လည်း အိန္ဒိယနိုင်ငံအတွင်းမှ များစွာသော တိုင်းရင်းသားမျိုးနွယ်စုများ၏ ၎င်းတို့နိုင်ငံကို ပေါင်းစုကာ တည်ဆောက်ထားမှု၊ မတူကွဲပြားမှုများစွာအထဲမှနေပြီး တူညီသည့် တစ်ခုတည်းသော ပြည်ထောင်စုစိတ်ဓာတ်ကိုသာ အခြေခံပြီး စည်းလုံးညီညာစွာ တည်ဆောက်ထားမှုများကို အတုယူကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် ပြည်ထောင်စုနေ့မှစတင်ကာ ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံးအနေဖြင့်လည်း ယနေ့အချိန်တွင် နိုင်ငံအတွင်း ဖြစ်ပေါ်နေသောပဋိပက္ခများကို ဝိုင်းဝန်းဖြေရှင်းကြကာ ညီညွတ်စွာ ပေါင်းစပ်ပြီး လုပ်ကိုင်ကြရတော့မည့် အချိန်အခါတစ်ခုကို အမှန်ကျရောက်နေပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## (၇၅)ကြိမ်မြောက် စာပြန်ပွဲ၊ ဂုဏ်ပြုပွဲနှင့် စာအောင်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်ကြီး၌ (၇၅)ကြိမ်မြောက် သဒ္ဓမ္မဇောတိကအာဂမ+သဘာဝ နှစ်ဌာနစာပြန်ပွဲကို ၈-၂-၂၀၁၉ရက် မှ ၁၄-၂-၂၀၁၉ရက် အထိ ကျင်းပမည်ဖြစ်ပြီး၊ သာသနဓဇဓမ္မာစရိယဘွဲ့ရ ဆရာလေး(၁)ပါးနှင့် အလင်္ကာရဘွဲ့ရ ဆရာလေး(၂)ပါးတို့အား ဂုဏ်ပြုပွဲနှင့် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ၁၆-၂-၂၀၁၉ရက် (စနေနေ့)၊ မွန်းလွဲ ၁း၃၀ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါ ယိကာမများကိုယ်တိုင် ကြွရောက်ကြည်ညိုသဒ္ဓါပွားများကြပါရန် မေတ္တာရှေ့ထား ဖိတ်ကြားအပ်ပါသည်။

စာပြန်ပွဲဖြစ်မြောက်ရေးအဖွဲ့

**ဦးရဲမင်းဖိုင် ◆ သင်္ချာ**

အင်္ဂလိပ်စာ နှင့် သင်္ချာ သီးသန့်တန်းများ

ဧဌ ◆ မတ်၊ ဧပြီ (၂)လတန်းခွဲ (တစ်ပတ် (၄)ရက်တက်ရမည်)

ဧဌ ◆ မတ်၊ ဧပြီ၊ မေ (၃)လတန်းခွဲ (တစ်ပတ် (၂)ရက်တက်ရမည်)

နယ်ကျောင်းသား၊ ကျောင်းသူများ အချိန်ညှိပေးမည်။

၅၊ ၆၊ ၇၊ ၈၊ ၉ နှင့် ၁၀ တန်း ◆ ၉ တန်း ၁၀ တန်း ဘာသာစုံ

နွေနှင့်ပုံမှန်တန်းများ ကြိုအပ်ပါ။ ◆ တန်းခွဲအားလုံး (၈-၃-၂၀၁၉)

၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-09 73161140

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရင်းတိုက်ကွင်းကျေးရွာမှ ဦးအေးရွှေ၏သမီး မဇူလိုင်ဖြိုး(ခ)မဇူလိုင်ဖြိုး[၁၂/တကန(နိုင်)၁၇၅၄၃၉]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မဇူလိုင်ဖြိုး(ခ)မဇူလိုင်ဖြိုး

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့(၃)ရပ်ကွက်၊ မူလွန်(၃) ဆင့်မတန်းတွင် ပညာသင်ကြားနေသော ဦးအောင်မျိုးဦး[၁၄/ဇလန(နိုင်)၀၉၇၅၁၂]၏သား မောင်သာလွန်စန်း(ခ)မောင်သာလွန်ဆန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

******

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက၊ ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်နာယက၊ ကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်း၏ လမ်းညွှန်ပံ့ပိုးကူညီမှု၊ အသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများ၏ ဝိုင်းဝန်းကြိုးပမ်းမှု၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးကို ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၇)ရက်နေ့ (ရှမ်းပြည်နယ်နေ့)တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)




**ပြင်ဆင်ဖတ်ရှုပါရန်**

၂-၂-၂၀၁၉ ရက်စွဲပါ ကြေးမုံသတင်းစာ၊ ကြော်ငြာစာမျက်နှာ-၂၈ပါ "အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ" ကြေညာခြင်းတွင် တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၅၈ အရ ပညတ်ဝရမ်းစွဲကပ်ခြင်းအား တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၀အစား "တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၄ အရ ပညတ်ဝရမ်း စွဲကပ်ခြင်းအား တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၈" အရ ဝရမ်းခွာပေးစေလိုမှု ဟုပြင်ဆင်ဖတ်ရှုပါရန်။

(စုစန္ဒာဝင်း)

ဒုတိယခရိုင်တရားသူကြီး(၁)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ မြေကွက်အမှတ်-၁၁၇၊ မြေကွက်တည်နေရာအမှတ်-၁၁၇၊ သစ္စာလမ်းသွယ်(၁)လမ်း၊(၃)ရပ်ကွက်၊ ရွှေပြည်သာ၊ ဒေါက်တာဦးသိန်းဆောင်(၁၂/ဒဂန(နိုင်)၀၁၅၁၅၇)အမည်ပေါက်နှင့်(၆၀)ဂရန်မြေအားအမည်ပေါက်ဒေါက်တာဦးသိန်းဆောင်(၁၂/ဒဂန(နိုင်)၀၁၅၁၅၇)ထံမှ လွှဲပြောင်းရယူထားသည့် အမည်ပေါက်စာချုပ်(မှတ်ပုံတင်)... GP ရရှိထားသော ... (၁၂/ဒဂန(နိုင်)၀၂၁၅၇၉)မှ ... ကန့်ကွက်ခွင့်ရှိသူများ ... (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥာဏ်မှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင် ငံ တစ် ဝန်း စိမ်း လန်း ဖို့ သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့

# MITSUBISHI MOTORS
## CHINESE NEW YEAR SPECIAL PROMOTION

MITSUBISHI MOTORS

**L200** DOUBLE CAB (AUTO TRANSMISSION)
~~List price 676 Lakh~~
STARTING FROM
645 Lakh



**L200** DOUBLE CAB (MANUAL TRANSMISSION)
~~List price 552 Lakh~~
STARTING FROM
490 Lakh



**L200** SINGLE CAB (MANUAL TRANSMISSION)
~~List price 346 Lakh~~
STARTING FROM
290 Lakh






Contact Hotline For Detail : 09 260902943, 01 514522

# MANDALAY PROMOTION SHOW

(၂၀-၂-၂၀၁၉)မှ(၃-၃-၂၀၁၉)ထိ အီလက်ထရွန်နစ်၊ လူသုံးကုန်ပစ္စည်းနှင့်ကားပြပွဲကြီး

WINNER မြို့တော်ခန်းမ Ph: 09 250001398, 09 444067302

Times City

စိန်ရွှေကျောက်မျက်ရတနာဈေးကွက်ကို
တစ်စုတစ်ဝေးတည်းရောင်းဝယ်နိုင်မည့် ပထမဆုံးသော

## Jewellery & Luxury Mall



ရွှေဆိုင်၊ စိန်ဆိုင်နှင့် အခြားရတနာဆိုင်များ၊ Gold Stock Exchange၊ခေတ်မီစက်များဖြင့် ပုံဖော်ပေးသည့်ပန်းထိမ်လုပ်ငန်းများ၊ ရွှေနှင့်ကျောက်မျက်ရတနာစမ်းသပ်ခန်းများ စုံလင်စွာပါဝင်သောကြောင့် မိမိဝယ်ယူလိုသည့် ရွှေနှင့်စိန်အပါအဝင်ကျောက်မျက်ရတနာ ဒီဇိုင်းမျိုးစုံတို့အား တစ်နေရာတည်း၌ စိတ်တိုင်းကျရွေးချယ် ရောင်းဝယ်နိုင်သော ဈေးကွက်ကြီးတစ်ခုဖြစ်လာပါမည်။ နိုင်ငံတကာအဆင့်မီ Branded ပစ္စည်းများရောင်းချသောဆိုင်များလည်း ဖွင့်ထားမှာဖြစ်လို့ မိတ်ဆွေတို့ စိတ်ကျေနပ်စွာ ဝယ်ယူနိုင်ပါသည်။

ပစ္စည်းအမျိုးအစား စုံလင်စွာရရှိနိုင်သော *Times Mall* လည်းရှိမှာဖြစ်လို့ လိုအပ်ချက်တွေကို တစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်ပါသည်။

ဆိုင်ခန်းများငှားရမ်းလိုသည့် မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ Information Centre ကို ဖွင့်လှစ်ပေးပြီး 28.2.2019 အထိ မမျှော်လင့်သောဈေးနှုန်းများဖြင့် ငှားရမ်းပေးနေပါသဖြင့် လာရောက်ဖို့ဖိတ်ခေါ်အပ်ပါသည်။

Jewellery & Luxury Mall ဆိုင်ခန်းအငှားအတွက် အထူးဈေးနှုန်းအနေဖြင့်

| | | |
|---|---|---|
| *Level-1* | တစ်စတုရန်းပေ | 5 $ |
| *Level-2* | တစ်စတုရန်းပေ | 3.5 $ |
| *Level-3* | တစ်စတုရန်းပေ | 3 $ |
| *Level-4* | တစ်စတုရန်းပေ | 2.5 $ |
| *Level-5* | တစ်စတုရန်းပေ | 2.5 $ |

အသီးသီး ငှားရမ်းနိုင်ပါကြောင်း သတင်းကောင်းပေးလိုက်ပါရစေ။

ဆက်သွယ်ရမည့်လိပ်စာ - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်းနံပါတ်များ - 09-765800800 , 09-764800800 , 09-5045777
Website - http://www.timescity.com.mm
Facebook - Times City Yangon - Myanmar
Email - timescityproject@gmail.com


**ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန်(၁)လမ်း၊ တိုက်အမှတ်(၁၄)၊ ၄-လွှာ၊ အခန်းအမှတ်(ဘီ၄) ဖြစ်သော ဧရိယာ(၁၂'×၅၀')အကျယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးအောင်ဇော်လတ်[၁၂/ဒဂမ(နိုင်)၀၁၃၈၁၂]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်မွန်(LL.B,D.B.L,D.I.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၇၀)**
**ဒေါ်သူဇာထွေး(LL.B,WIPO) (Switzerland)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၁၈)**
**အမှတ်-၁၀/၁၂၊ မြေညီထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၁၄၅၄၃၀**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၇၀၃)၊ မြေကွက်တည်နေရာ အမှတ်(၇၀၃)၊ ဝိုလ်စေတစ လမ်း၊ (၄၀)ရပ်ကွက်၊ [illegible]

[illegible]

ဒွာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အမည်မှန်**

ညောင်လေးပင်မြို့နယ်၊ အလက(ခွဲ)၊ ကတုတ်၊ သတ္တမတန်းမှ မဖူးဖူး၏အမည်မှန်မှာ မခင်ဖူးဝေဖြစ်ပြီး ဖခင် ဦးငယ်လေး၏ အမည်မှန်မှာ ဦးဝင်းဇော်ဦး[၇/ညလပ(နိုင်)၀၁၀၀၆၁]ဖြစ်ပါသည်။


GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်(၁၃၂/ခ) မြေကွက်တည်နေရာအမှတ်(၁၃၂/ခ)၊ [illegible] ဆင့်ခြင်ခွင့်ရရှိသူဦးစိန်အောင်(၁၂/ဥကမ(နိုင်)၀၉၄၄၅၄)သည်(၆-၅-၁၇)ရက်နေ့တွင် ကွယ်လွန်သဖြင့်ဇနီးဒေါ်ခင်လှိုင်(၁၂/ဥကမ(နိုင်)၀၉၄၄၇၀)မှ [illegible] တရားရုံးကျွမ်းကျင်ဖွဲ့ အမှတ်(၅-၂၀၁၈/၂၀၁၇) (၃၀-၅-၁၇)[illegible] (၅-၂၀၁၇/၂၀၁၇)(၃၀-၅-၂၀၁၇)[illegible] မြေပြင်တွင်ဧရိယာ(၂၀'×၆၀')ရှိပြီး [illegible] ဒေါ်ခင်လှိုင်(၁၂/ဥကမ(နိုင်)၀၉၄၄၇၀) [illegible] အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## အောင်ဘာလေထီ ရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းအား စီးပွားရေးလုပ်ငန်းရှင်များက လက်ဝါးကြီးအုပ် ချုပ်ကိုင်မှုမပြုနိုင်စေရေး အရေးယူဆောင်ရွက်လျက်ရှိ

ပြည်သူ့လွှတ်တော် စာမျက်နှာ - ၈



## ငွေစက္ကူအတုပြုလုပ်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ အတုမှန်းသိလျက် အသုံးပြုခြင်းတို့ကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိ

အမျိုးသားလွှတ်တော် စာမျက်နှာ - ၉

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ponpipat Benyasri အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ညှိနှိုင်းခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်များအနေဖြင့် နိုင်ငံရေးအတွက်၊ ပြည်သူများအတွက် တစ်ဖြောင့်တည်းရပ်တည်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ၂၀၁၅ ခုနှစ် NCA စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် ထိုင်းနိုင်ငံ၏ အိမ်နီးချင်းကောင်းပီသစွာ ကူညီဆောင်ရွက်ပေးမှုများက အရေးပါသောအချက်တစ်ချက်ဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား အောက်ခြေအဆင့်အထိ ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံအကြား ပြဿနာတစ်စုံတစ်ရာ မရှိသည့် အခြေအနေများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ အောက်ခြေအဆင့်အထိ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ တိုးမြှင့်စေလွှတ်ရေး၊ ထိုင်းနိုင်ငံရှိ IDP စခန်းများမှ မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပြန်လာနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသားများကို ဥပဒေနှင့်အညီ စောင့်ရှောက်ပေးမည့်အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို လက်ရှိ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✱**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ponpipat Benyasri တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

# ပြည်သူလူထုကို မျက်နှာမူသည့် အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ရပ်ဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်

**တောင်ကြီး ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ရှမ်းပြည်နယ် (တောင်ပိုင်း / မြောက်ပိုင်း)ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ယနေ့ညနေ ၄ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးဇော်က ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ “ကိုးကန့်”၊ “ဓနု”၊ “ပအိုဝ်း”၊ “ပလောင်” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးများမှ တာဝန်ရှိသူများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးပြီး ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက မိမိအနေဖြင့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့် ပြည်တွင်းခရီးစဉ်များ သွားရောက်ကာ ရောက်သည့်နေရာတွင် အထွေထွေအုပ်ချုပ်ရေး

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**




ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ရှမ်းပြည်နယ်(တောင်ပိုင်း / မြောက်ပိုင်း)ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

